**ကိုယ်ကျင့်အဘိဓမ္မာ**

**အနာဂတ်သာသနာရေး**

**ရတနာ့ဂုဏ်ရည်**

**ဗုဒ္ဓဘာသာသင်ခန်းစာ (အနာဂတ်သာသနာအတွက်)**

**ဘာသာရေးပြဿနာနှင့်စစ်တပ်တရားတော်**

**ဗုဒ္ဓါနုဿတိဘာဝနာ**

**ဗုဒ္ဓဝင်အမေးအဖြေ**

အထက်ပါကျမ်းစာများကို ဖတ်ရှုလေ့လာကျင့်သုံးပါက
မိမိနှင့်တကွ အိမ်သားများနှင့် အများအကျိုးကို
ကျမ်းစာများက တာဝန်ယူပါလိမ့်မည်။

နဝမအကြိမ် ရိုက်နှိပ်ခြင်း

အုပ်ရေ ၁၀၀၀၀

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် သာသနာရေးဦးစီးဌာနအတွက် ဦးတင်မောင် (၀၂၃၀၇) သင့်ဘဝပုံနှိပ်တိုက်၊ ၁၇၊ မလွှကုန်းလမ်း ၊ကျောက်မြောင်း၊ ရန်ကုန်က ပုံနှိပ်၍၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်မောင် (၀၂၅၂၇) က ထုတ်ဝေသည်။

နေ့ပိုင်းမှာ စာသင်စာချတဲ့ ဂန္ထဓုရတာဝန်ကို ဆောင်ကြဘို့နဲ့ ညဥ့်ဘုရား ဝတ်တက်ပြီးချိန်ကစ၍ အိပ်ဘို့တုံးခေါက်ချိန်အထိ ဝိပဿနာ ဓုရ ဟာဝန်ကို ဆောင်ကြဘို့ရန် စီစဉ်ရပါတယ်။

(စာမျက်နှာ-၄၅ဂ နှင့် ၄၆၀၊ ၄၆၄)

စာချဘုန်းကြီးများကခေါင်းဆောင်ပြီးဝိပဿနာဘာဝနာအလုပ်ကို အများအားထုတ်အောင် ကြိုးစားကြပါ။ (စာမျက်နှာ-၃၃၄)

ကျောင်းတိုက်တွင် လိုက်နာရမည့် ယမ်းညွှန်ဩဝါဒ ဆယ်ချက်တွင် စိတ်ကောင်းထားရှိရမည့်အရေးကို အထူးအလိုအပ်ဆုံးဟု ပညတ်တော် မူခဲ့ပါသည် ဆရာတော်ကြီး၏ဆုံးမဩဝါဒကို အဆီအနှစ်ထုတ်၍ တိုတို ကျဉ်းကျဉ်း ဖော်ပြပါဆိုလျှင်—

စိတ်ကောင်းရှိဘို့ ပဌမ (စာမျက်နှာ-၃၆၅)

သီလဝိနည်းသုံ့ခြံစေ (စာမျက်နှာ-၄၅ဂ၊ ၄၆၄၊ ၃၆၅၊ ၄၆၉)

ဝိပဿနာပွါးကြလေ (စာမျက်နှာ-၃၃၄၊ ၄၅၆၊ ၄၆၀၊ ၄၆၄) ဟူ၍ တွေ့ကြရပါမည်၊ ဆရာတော် ကိုယ်တိုင်ရေး ထေရုပ္ပတ္တိတွင် ဤအချက်များကို အကြိမ်ကြိမ် အလေးပေးဖော်ပြ သတိပေးထား သည်ကို တွေ့ရပါမည်၊ တပည့် ဒကာ-ဒကာမများကို တွေ့တိုင်းလည်း မိမိရရှိထားသော ဘဝကောင်းကို တဆင့်ထက်တဆင့် မြင့်ထက်မြင့်စေ ရန် မမေ့မလျော့ဘို့ ကြိုးစားအားထုတ်ကြဘို့ ဤသုံးချက်ကို ဟော ပြောတိုက်တွန်းတော်မူလေ့ ရှိပါသည်။

## ပြောသလိုလုပ်၍ လုပ်သလိုပြောလေ့ရှိခြင်း

ဆရာတော်ကြီးသည် ပဌမကျော် သကျသီဟ ဓမ္မာစရိယ စာမေးပွဲများကို အောင်မြင်ခဲ့သော်လည်း ကျမ်းစာများတွင် ထည့်သွင်းဖော်ပြလေ့ မရှိပါ၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို လှူဘ်လပ်ရေးရလျှင်ရချင်း ဆက်ကပ်ခံခဲ့ရ သော်လည်း ထိုဘွဲ့ကို အသုံးပြုလေ့မရှိပါ။

ငါမရှိတော့ ဂန္ဓာရုံ သာသနာအတွက် ဂန္ဓာရုံ ဆိတ်သုဉ်းသွားရင် အခြားဘာသာရေးအတွက်သာ ဖြစ်စေလိုတယ်လို့ ပြောထားပါတယ်။

(တဘာဝသံသရာ စာမျက်နှာ-၃၁၆)

သာသနာတော် ကြီးပွါးမည် ဆိုလျှင် အများ ချမ်းသာမည်ဆိုလျှင် မိမိ တယောက် ဆင်းရဲခံရမည်ကို အနည်းငယ်မျှ မရွံ့ဘဲ ရဲစိတ် ရဲမာန် အပြည့်ဖြင့် ဆောင်ရွက်တော်မူလေ့ရှိပါသည်။

ကိုယ်တည်းတယောက် ဆင်းရဲရောက်လို့ ကိုယ့်နောက်အများ ချမ်းသာပွါးမှု တပါးဖြစ်ထွေ ဆင်းရဲစေတော့ စိတ်နေခုလို ဝမ်းဝယ်သို၍ ထိုထိုအလုပ် လွန်ကြိုးကုတ်သော် မဟုတ်သတင်း လုပ်ဇာတ်ခင်းလျက် ချင်းချင်း ရွှံသံကဲ့ရဲ့သံကို နာခံမညီး ပြည့်လုံးဟီးမျှ ဝေနီးအနှံ့ ပျံ့အောင် ဖြန့်လည်း မခံ့တခံ့ ခံ့တခံ့နှဲ့ ကြံ့ကြံ့ပုံသေ ခံခဲ့ပေ၏။

(တဘာဝသံသရာ-၃၉၄)

သာသနာတော်ကို တည်တံ့ ပြန့်ပွါးစေလိုသော ကြီးမားသော သမ္မာဆန္ဒတော်ဖြင့် ကျမ်းစာများကို အဆက်မပြတ် ထုတ်ဝေရာတွင် စာအုပ်ကုန်သည် ဟူ၍ရင်း၊ ငွေစုပြီး လူထွက်လိမ့်မည်ဟူရင်း ကဲ့ရဲ့ ပြောဆိုခြင်းများ ကိုလည်း ဆရာတော်သည် သည်းခံခဲ့ရပေသည်၊ ဤလောကဓံ တရားများနှင့်ပတ်သက်၍ ဆရာတော်၏ သံဝေဂယူပုံမှာ—

လူ-ဟုဆိုလျှင်လူလိုပင်သာ လူတွင်တွေ့ရိုး ကြောင်းအကျိုးနှင့် ကောင်းဆိုးနှစ်တန် လောကဓံကို အမှန်တွေ့မြဲ စိတ်ဝယ်ခွဲ၍ ဝမ်းနဲဝမ်းသာ မများပါ။

(တဘာဝသံသရာ စာမျက်နှာ-၁၈၅)

လူ့ဘုံထုံးစံ ကဲ့ရဲ့ဒဏ်ဖြင့် ရန်မာရ်ပိတ်သဲ ခရီးခဲ၌ စိတ်ဇွဲသန်သန် နောက်မပြန်ဘဲ ရဲမာန်ရဲဆေး ရဲစိတ်မွေးလျက် ရဲသွေးနီနီ စီရရီ....

(တဘာဝသံသရာ စာမျက်နှာ-၂ဂ၉)

ဤသို့သော ရဲစိတ် ရဲမာန်စိတ်ထားဖြင့် ဆောင်ရွက်ခဲ့သည့်အတိုင်း အောင်မြင်မှုကို ယခုမျက်မြင် တွေ့ကြရပေပြီ၊ ဆရာတော်၏ ပင်ကိုယ်ဆန္ဒတော်ကို ကိုယ်တိုင်ရေး ထေရုပ္ပတ္တိတနေရာတွင် အောက်ပါအတိုင်း ဖော်ပြခဲ့ပါသည်။

အမေးမာတိကာ စာမျက်နှာ

၅။ လက်ဖြောက် တချက်တီးအချိန်မှာ စိတ်ပေါင်း မည်မျှ ဖြစ်နိုင်သနည်း။ .... ၃
၆။ စိတ် ၂-ခု ၃-ခုစသည် ပြိုင်၍ဖြစ်ရိုး ရှိသလား။ .... ၃
၇။ အာရုံ ၂-ခု ၃-ခုကို တပြိုင်တည်း သိနိုင်သလား။ .... ၃
၈။ ရုပ်များ စုပေါင်းနေသောအခါ အထည်ကိုယ်ပုံသဏ္ဍာန် ပေါ်သလို စိတ်မှာလည်း အထည်ကိုယ် ပုံသဏ္ဍာန် ရှိသလား။ .... ၅
၉။ စိတ်သည် ခန္ဓာကိုယ်ဝယ် အဘယ်အရပ်၌ အဖြစ်များ သနည်း။ .... ၅
၁၀။ တယောက်နှင့်တယောက် ရုပ်များ ကွဲပြားသလို, စိတ် ချင်း မကွဲပြားဘူးလား။ .... ၆
၁၁။ ရှင်အဆင်းကို ပြုပြင်၍ရသလို,စိတ်ကိုလည်း ပြုပြင်၍ မရ နိုင်ဘူးလား။ .... ၆
၁၂။ စိတ်ကို ပြုပြင်သင့်သော အကြောင်းများကို မှတ်မိ သလောက်ပြပါ။ .... ၇
၁၃။ မိလိန္ဒမင်းကြီး၏ စိတ်ပြုပြင်နည်းကိုပြပါ။ .... ၈

---

ဒုတိယခန်း လေ့ကျင့်ဖွယ်များ

၁။ စိတ်သည် ပင်ကိုယ်သဘောအားဖြင့် အကောင်းအဆိုး ကွဲသလား, ဘယ်တရားများကခြယ်လှယ်၍ စိတ်ကောင်း စိတ်ဆိုး ကွဲရသနည်း။ .... ၁၁
၂။ စိတ်ကိုမကောင်းအောင် ခြယ်လှယ်သော စေတသိက် များကို ရေတွက်ပြပါ။ .... ၁၂
၃။ အဘယ်သဘောသည် မောဟမည်သနည်း, ပရိယုဋ္ဌာန မောဟနှင့် အနုသယမောဟကို ခွဲခြားပြပါ။ .... ၁၃
၄။ ကုသိုလ်စိတ်ဖြစ်နေသောအခါ ပုထုဇဉ်တို့ သန္တာန်မှာ ဘယ်လို မောဟ ကိန်းနေသနည်း။ .... ၁၃

အမေးမာတိကာ | | စာမျက်နှာ
--- | --- | ---
၅။ ဟရီတစဝတ္ထုကိုပြောပြ၍, ထိုဝတ္ထု၌ မောဟဖြစ်ပုံကို ကောက်ချက်ချပြပါ။ | .... | ၁၄
၆။ မသင်ဖူးသောအတတ်, မရောက်ဖူးသောအရပ် စသည်ကို မသိခြင်းမှာ မောဟသဘောဟုတ်ရဲ့လား။ | .... | ၁၆
၇။ မရှက်ခြင်းကို အဟိရိက, မလန့်ခြင်းကို အနောတ္တပ္ပဟု ဆိုရာ၌ အဘယ်အမှုမှ မရှက်မလန့်ခြင်းကို ဆိုသနည်း၊ ဥပုသ်စောင့် တရားနာ သွားရမှာ မရှက်ခြင်း ပြောရ ဟောရမှာ မလန့်ခြင်းကို အဟိရိက အနောတ္တပ္ပ ဟု ဆိုလိုပါသလား။ | .... | ၁၇
၈။ အကုသိုလ် ဒုစရိုက်နှင့်စပ်၍ တွေ့ရတတ်သော ဘေးကြီး ၄-ပါးကို ပြပါ။ | .... | ၁၉
၉။ ဥဒ္ဓစ္စ၏ ပျံ့လွင့်ခြင်းသဘောကို ဥပမာနှင့်တကွ ပြောပြပါ။ | .... | ၂၁
၁၀။ ဆွေမျိုးပျက်ခြင်း, စည်းစိမ်ဥစ္စာပျက်ခြင်း စသည်ကြောင့် စိတ်လွင့်ပါး၍ ဟိုသွားချင် သည်သွားချင် ဖြစ်နေရာဝယ် အဘယ်သဘောဟု သတ်မှတ်ရမည်နည်း။ | .... | ၂၂
၁၁။ လိုချင်မှုကို လောဘဟု ဆိုပါလျှင် နိဗ္ဗာန် လိုချင်မှု, ကုသိုလ်လိုချင်မှု, လှူဒါန်းဖို့ ပစ္စည်းလိုချင်မှု စသော ကုသိုလ်ဆိုင်ရာ လိုချင်မှုများကိုလည်း လောဘ ဟုပင် မှတ်ရမည်လော, လောဘ မဟုတ်လျှင် ဘာသဘော ပါနည်း။ | .... | ၂၂
၁၂။ လောဘကို ဘယ်လိုနာမည် ခေါ်နိုင်သနည်း။ | .... | ၂၂
၁၃။ သီးခင်ပွန်းတို့ တယောက်နှင့်တယောက် နောက်နောက် ဘဝဝယ် နိဗ္ဗာန်အထိ မခွဲလိုရာ၌ (သူတော်ကောင်းချင်း ဖြစ်ပါမူ)လောဘသဘောချည်းမှတ်ရမည်လော၊ အခြား ဘယ်သဘော ပါဝင်ပါသေးသနည်း။ | .... | ၂၅

အမေးမာတိကာ စာမျက်နှာ

၁၄။ အလိမ်ဉာဏ် အကောက်ဉာဏ် များသည် ဉာဏ်ပညာ အစစ်မဟုတ်လျှင် အဘယ်သဘောပါနည်း။ .... ၃၀

၁၅။ ဘယ်သဘောကို သာဒ္ဒေယျဟုခေါ်သနည်း။ .... ၃၁

၁၆။ ဒိဋ္ဌိသဘောကို နားလည်သမျှပြောပြပါ။ .... ၃၃

၁၇။ ဇာတိ, မန, ပညာ, အဆင်းမာန်တို့ကို တခုစီ ပြောပြပါ .... ၃၅

၁၈။ ကြမ်းတမ်းခြင်း စိတ်ဆိုးခြင်းများကိုဒေါသဟု နားလည်ကြပြီ၊ စိတ်မချမ်းသာခြင်း စိတ်ညစ်ခြင်း စိတ်အားငယ်ခြင်းများကို ဘာသဘောဟု ဆိုမည်နည်း။ .... ၄၀

၁၉။ အဘယ်သဘောကို မက္ခဟုခေါ်သနည်း, ထို မက္ခသည် အကုသိုလ်စေတသိက်များတွင် အဘယ်စေတသိက် ဖြစ်သနည်း။ .... ၄၂

၂၀။ အဘယ်သဘောကို ပဠာသ ဟု ခေါ်သနည်း။ .... ၄၃

၂၁။ ဝမ်းနည်းမှုကို "သောက"ဟု ခေါ်ရာ၌ ဝမ်းနည်းပုံများကို မိမိ သိသမျှပြပါ။ .... ၄၄

၂၂။ ငိုကြွေးမှုကို "ပရိဒေဝ"ဟု ခေါ်ရာ၌ ဟစ်အော်၍ ငိုကြွေးခြင်း၏ အပြစ်များကို ပြပါ။ .... ၄၅

၂၃။ ဒုက္ခနှင့် ဒေါမနဿကို ခွဲခြားပြီးလျှင်, စိတ်ချမ်းသာအောင် ပြုပြင်နည်းကိုလည်း ပြပါ။ .... ၄၈

၂၄။ လောကဓံ ရှစ်ပါးကို ဖော်ပြ၍ (၄၉), နိန္ဒာအရ အကဲ့ရဲ့ ခံနိုင်ရည်ရှိဖို့ အကြောင်းများကို ပြပါ။ .... ၅၃

၂၅။ မျော်မှ (အပူလုံးဆို့)လောက်အောင်ပူလောင်ခြင်းကို အဘယ်သဘောဟု မှတ်ရမည်နည်း။ .... ၅၅

၂၆။ အဘယ် သဘောထားမျိုးကို အဘယ် စကားမျိုးကို "ဣဿာ"ဟု ခေါ်သနည်း။ .... ၅၆

၂၇။ ဘယ်လိုအပြောမျိုးကို "အတ္တုက္ကံသန"ဟု ခေါ်၍, ဘယ်လို အပြောမျိုးကို "ပရဝမ္ဘန"ဟု ခေါ်သနည်း။ .... ၅၇

အမေးမာတိကာ စာမျက်နှာ

၂၈။ ဝန်တိုခြင်း, သူများ မရစေလိုခြင်းကို "မစ္ဆရိယ" ဟု နားလည်လျှင်, မစ္ဆရိယ ၅-ပါးကို ခွဲခြားပြပါ။ .... ၄၉
၂၉။ နောင်တ တဖန် ပူပန်မှုကို "ကုက္ကုစ္စ" ဟု ခေါ်ရာ၌ နောင်တ တဖန်ပူပန်ပုံကိုပြပါ။ .... ၆၁
၃၀။ နောင်တ မရသင့်ပုံ မိမိ ပြုမိသော အကုသိုလ်များ ပယ်ရှား နိုင်ပုံကို ပြပါ။ .... ၆၂
၃၁။ အဘယ်သဘောကို ထိန, အဘယ်သဘောကို မိဒ္ဓဟု ခေါ်သနည်း။ .... ၆၄
၃၂။ ဝိစိကိစ္ဆာ၏ ယုံမှား သံသယဖြစ်ပုံကို အသေတော်စုံလင်အောင် ပြ၍, အမိပ္ပါယ်စသည်တို့ကို ယုံမှားသံသယ ဖြစ်ရာ၌ အကုသိုလ် ဝိစိကိစ္ဆာဖြစ်-မဖြစ် ဆုံးဖြတ်ပါ။ .... ၆၅

တတိယခန်း မလေ့ကျင့်ဖွယ်များ

၁။ စိတ်ကို ကောင်းအောင် ခြယ်လှယ်သော စေတသိက်များကို ပြပါ။ .... ၆၇
၂။ ယုံကြည်ခြင်းကို သဒ္ဓါဟု ခေါ်ရာ၌ ယုံပုံ ကြည်ပုံကို ခွဲခြားပြပါ။ ၆၈
၃။ မိစ္ဆာအယူ ရှိသူတို့၏ စွန့်ကြဲ ပေးကမ်းမှု စသည်၌ ကုသိုလ်ရ-မရကို ပြပါ။ .... ၆၉
၄။ အဘယ်ကိစ္စ၌ အောက်မေ့မှု အမှတ်ရမှုကို သတိအစစ်ဟု ဆိုသနည်း, မကောင်းမှု ဆိုင်ရာကို အမှတ်ရနေရာ၌ သတိအစစ်မဟုတ်လျှင် ဘယ်တရားပါနည်း။ .... ၇၁
၅။ ဘယ်အမှုကို ရှက်ကြောက်မှ ဟိရီ-ဩတ္တပ္ပ အစစ် ကုသိုလ် ဖြစ်သနည်း။ .... ၇၂
၆။ မပြောဝံ့, မဆိုဝံ့, မသွားဝံ့, မလာဝံ့, ရှက်ရွံ့ခြင်းများသည် ဟိရီဩတ္တပ္ပ အစစ် အစစ် မဟုတ်လျှင် ဘာသဘောများ ပါနည်း။ .... ၇၃
၇။ အလောဘ အဒေါသ-အမောဟတို့ကို အကျဉ်းပြပါ။ .... ၇၅

အမေးမာတိကာ စာမျက်နှာ

၅။ စေ့ဆော်ခြင်းသဘောကို စေတနာဟု ခေါ်ရာ၌ စေ့ဆော်ပုံကို ထင်ရှားအောင်ပြပါ။ .... ၁၀၃
၆။ ထိုစေတနာကို "ကံ=အမှုသည်" တရားဟု ခေါ် ထိုက်ကြောင်း ဥပမာနှင့်တကွ ပြပါ။ .... ၁၀၄
၇။ အဘယ်သဘောသည် ဇောဂ္ဂတာ မည်သနည်း၊ ထို ဧကဂ္ဂတာ၏ အခြားနာမည် တမျိုးကား အဘယ်ပါနည်း။ ... ၁၀၄
၈။ သတ္တဝါတို့၌ "အသက်" ဟု ခေါ်ရသော တရားကား အဘယ်တရားပါနည်း၊ ထိုတရားများအပြင် ခန္ဓာကိုယ်၌ "အသက်ကောင်" ဟု သီးခြားရှိသေးသလော။ .... ၁၀၅
၉။ မနသိကာရဟူသည်အဘယ်သဘောနည်း၊ထိုမနသိကာရကြောင့် စိတ်တို့၌ ဘာကို အမြဲရနိုင်ကြပါသနည်း။ .... ၁၀၅
၁၀။ ကြံစည်စိတ်ကူးခြင်းကို "ဝိတက်" ဟုခေါ်ရာ၌မကောင်း ဝိတက် ၃-ပါး၊ ကောင်းဝိတက် ၃-ပါးကို ခွဲခြားပြပါ။ .... ၁၀၆
၁၁။ ဝိစာရနှင့် အဓိမောက္ခသဘောကို သိသာရုံမျှပြပါ။ .... ၁၀၇
၁၂။ တွေ့ကြုံလာသောကိစ္စ၌ မကြောက်မရွံ့ နောက်မတွန့်ဘဲ စွန့်စားခြင်းသဘောကို "ဝီရိယ" ဟု ဤကျမ်းက ဆိုပြီ၊ ထိုဝီရိယကြောင့် "ကျန်းမာပုံ၊ စီးပွားရေး တန်းမြင့်ပုံ၊ ပညာရေး တိုးတက်ပုံ" များကို တခုစီ ရှင်းလင်းပြ၍၊ ဝီရိယ ကောင်းကောင်းရှိသူသည် မည်သည့်အဖြစ်ကိုပင် ရနိုင်ပါသေးသနည်း။ .... ၁၀၉
၁၃။ ပီတိသဘောနှင့်သုခသဘောကို ကွဲပြားအောင်ပြပါ။ .... ၁၁၂
၁၄။ ဘုရားဖြစ်ချင်၊ ရဟန္တာဖြစ်ချင်၊ ကုသိုလ်လိုချင်၊ လှူချင်၊ လှူနိုင်အောင် ပစ္စည်းလိုချင်မှု စသည်၌ ဘယ်သဘောနည်း၊ စည်းစိမ်ခံစားချင်—ခံစားဖို့ပစ္စည်းလိုချင်မှုစသည်၌ ဘယ်သဘောနှင့်ဘယ်သဘောတို့တွဲဖက်၍၊ သတ်ချင် ဖြတ်ချင်မှု စသည်၌ ဘယ်သဘောနှင့် ဘယ်သဘောတို့ တွဲနေသနည်း။ .... ၁၁၃

အမေး မာတိကာ စာမျက်နှာ

## ဆဌခန်း လေ့ကျင့်ဖွယ်များ


၁။ အဘယ်အမှုကို "ပုညကြိယဝတ္ထု"ဟု ခေါ်သနည်း, ထို ၁၀-ပါးကို ရေတွက်ပြပါ။ .... ၁၂၂
၂။ စေတနာဒါန, ဝတ္ထုဒါန ၂-မျိုးခွဲပြ၍ နောင် အကျိုးပေးရာ၌ မည်သည့်ဒါနက အကျိုးပေးသည်ဟု ပြပါ။ .... ၁၂၂
၃။ အလှူပစ္စည်းနှင့် အလှူခံတို့က စေတနာထက်သန်အောင် ကူညီပုံကို ပြပါ။ .... ၁၂၃
၄။ နဲ့နဲ့အလှူနှင့် များပြားကြီးကျယ်သော အလှူတို့ အကျိုးပေး ကွာခြားပုံကိုပြပါ။ .... ၁၂၄
၅။ အလှူပေးရာ၌ မျိုးစေ့စိုက်ပုံနှင့် တူပုံကို ဉာဏ်မီသမျှ ပြပါ။ .... ၁၂၅
၆။ အလှူခံပုဂ္ဂိုလ်လိုက်၍ အကျိုးပေးကွာပုံကို ပြပါ။ .... ၁၂၆
၇။ သံဃိကဒါနဖြစ်အောင် ဘယ်လိုလှူရမည်နည်း။ .... ၁၂၇
၈။ သံဃိကနှင့်ပုဂ္ဂလိကဒါန ၂-မျိုးတို့၏ အကျိုးပေး ကွာရာ၌ ဘာ့ကြောင့်ကွာရသည်ဟု ထင်ရှားအောင်ပြပါ။ .... ၁၂၉
၉။ ဘုရားရှင်အား ရည်မှန်း၍ ဆွမ်းကပ်လှူပုံကို ပြပြီးလျှင်, ထိုဆွမ်းကို မည်သူစားထိုက်ကြောင်းပြပါ။ .... ၁၂၉
၁၀။ ရုပ်ပွားတော်စသည် မရှိရာ၌ ဘုရားရှင်ကိုရည်စူး၍ ပန်းစသည် ပူဇော်လျှင် အကျိုးရနိုင်ကြောင်း ဝတ္ထုကို ပြပါ။ .... ၁၃၀
၁၁။ ဒါနပြုရာ၌ ပုဗ္ဗစေတနာ, မုဉ္စစေတနာ, အပရစေတနာ ၃-မျိုးတို့ ဖြစ်ပုံကို ခွဲခြားပြပါ။ .... ၁၃၁
၁၂။ အဘယ်ကုသိုလ်သည် ဒွိဟိတ်ကုသိုလ်ဖြစ်၍, အဘယ်ကုသိုလ်က တိဟိတ်ကုသိုလ်ဖြစ်သနည်း။ .... ၁၃၃
၁၃။ ထိုကုသိုလ်များသည် ဘယ်လိုဖြစ်လျှင် ဥက္ကဋ္ဌကုသိုလ် ဘယ်လိုဖြစ်လျှင် ဩမကကုသိုလ် ဖြစ်သနည်း။ .... ၁၃၄

အမေး မာတိကာ | စာမျက်နှာ

၁၄။ ဒါန၏ အယုတ်, အလတ် အမြတ် ၃-မျိုးကို နည်းအမျိုးမျိုးအရ ခွဲခြားပြပါ။ .... ၁၃၅
၁၅။ ဒါန၏အကျိုးကို ဉာဏ်မှီသမျှ ပြောပြပါ။ ... ၁၃၆
၁၆။ "ဒါနက သံသရာရှည်စေသည်"ဟု ပြောကြရာ၌ ဘယ်လိုဒါနသည် သံသရာရှည်စေ၍, ဘယ်လိုဒါနသည် သံသရာကို တိုစေပါသနည်း။ .... ၁၃၇
၁၇။ ဝဋ္ဋနိဿိတကုသိုလ်-ဝိဝဋ္ဋနိဿိတကုသိုလ် ၂-မျိုးကိုခွဲပြပါ။ .... ၁၃၈
၁၈။ ဒါနကြောင့် အခြားပါရမီများပြည့်လွယ်ပုံကို ပြပါ။ .... ၁၃၈
၁၉။ ဒါနကိုပစ်ပယ်လျှင် ဖြစ်ဘွယ်အပြစ်များကိုပြပါ။ .... ၁၄၂
၂၀။ "ဒါနထက် သီလကမြတ်သည်"ဟုဆိုကြရာ၌ မြတ်ပိုက်သောအကြောင်းကို ပါဏာတိပါတ ဝိရတိ သီလတခုဖြင့် နှိုင်းယှဉ်၍ပြပါ။ .... ၁၄၃
၂၁။ ပါဏာတိပါတ ဝိရတိသီလမှစ၍ ၅ ပါးသီလကြောင့် သတ္တဝါတွေ ချမ်းသာခွင့်ရပုံကို သိက္ခာပုဒ် တပါးစီခွဲပြပါ။ .... ၁၄၄
၂၂။ ဘာဝနာဟူသည် အဘယ်အလုပ်မျိုးနည်း။ .... ၁၄၈
၂၃။ သာမန်လူတို့၏ ဒါနနှင့် အနာထပိဏ်သူဌေး ... ဒါနဝယ်စိတ်ထားချင်းကွာခြားပုံကို ဝေဿန္တရာမင်း၏ ဒါနဖြင့် ထင်ရှားအောင်ပြပါ။ .... ၁၄၉
၂၄။ အပစာယနဟူသည် အဘယ်ကုသိုလ်မျိုးနည်း။ .... ၁၅၂
၂၅။ ဝေယျာဝစ္စဟူသည် အဘယ်ကုသိုလ်မျိုးနည်း။ .... ၁၅၃
၂၆။ ပတ္တိဒါနဟူသည် အဘယ်ကုသိုလ်မျိုးနည်း။ .... ၁၅၄
၂၇။ ပတ္တာနုမောဒန ဟူသည် အဘယ် ကုသိုလ်မျိုးနည်း။ .... ၁၅၅
၂၈။ ပတ္တာနုမောဒနာ ကုသိုလ်ကြောင့် အဘယ် သူတို့မှာ ဒိဋ္ဌဓမ္မအကျိုးရနိုင်ကြသနည်း။ .... ၁၅၆
၂၉။ တရားနာရာ၌ ရနိုင်သောအကျိုး ၅-ပါးကိုပြပါ။ .... ၁၅၇

အမေး မာတိကာ စာမျက်နှာ

၃၀။ လာဘ်ကိုမြှော်၍တရားဟောရာ၌ ဘာနှင့်တူသနည်း။ .... ၁၅၉

၃၁။ အသံလုပ်၍ တရားဟောရာ၌ အပြစ် ၅-ပါးကိုပြပါ။ .... ၁၅၉

၃၂။ တရားနည်းလမ်းကျသောစာကို ဖတ်ပြခြင်း, ဆုံးမစကား ပြောပြခြင်းများလည်း ဓမ္မဒေသနာ ကုသိုလ် မဖြစ်ပါလား။ .... ၁၆၀

၃၃။ အဘယ်ကုသိုလ်ကို ဒိဋ္ဌိဇုကမ္မ ဟု ခေါ်သနည်း, ဤဒိဋ္ဌိဇုကမ္မနှင့် သမ္မာဒိဋ္ဌိ-ကမ္မသကတာဉာဏ်တို့ ခြားနားကြသေးသလော။ .... ၁၆၁

၃၄။ သမ္မာဒိဋ္ဌိ အယူရှိတိုင်း ဗုဒ္ဓဘာသာဝင်ဖြစ်မည်လား, ဗုဒ္ဓဘာသာဝင်ဖြစ်အောင် ဘာကိုဆိုရသေးသနည်း။ .... ၁၆၂

၃၅။ ပုညကြိယဝတ္ထု ၁၀-ပါးကို ၃၀-ဖြစ်အောင် မြှောက်ပြပါ။ .... ၁၆၂

**သတ္တမခန်း လေ့ကျင့်ဖွယ်များ**

၁။ ပါဠိလိုကမ္မ, မြန်မာလို ကံ, တနည်းဆင့်၍ အဓိပ္ပါယ်ပြန်လျှင် ကိုယ်မှု, နှုတ်မှု, စိတ်မှု ဟု ဆိုလိုကြောင်း နားလည်လျှင်, ထို ကံဖြစ်အောင် လှုံ့ဆော်တတ်သော တရားကား အဘယ်တရားနည်း။ .... ၁၆၅

၂။ ကုသိုလ်အကုသိုလ်များဖြစ်ပြီးနောက် (“သဗ္ဗေ သင်္ခါရာ အနိစ္စာ”အရ, မမြဲ၍ ပျက်သွားသောအခါ) တစုံတရာ မကျန်ရစ်ပါသလော။ .... ၁၆၆

၃။ ထိုကျန်ရစ်သောအရာသည် ခန္ဓာအစဉ်ဝယ် မည်ကဲ့သို့ လိုက်ပါ တည်ရှိသနည်း။ .... ၁၆၇

၄။ ကံ ပြုသူ၌ နောက်နောက် ဘဝဝယ် ကံ အကျိုးတိုက်ရိုက် ရပုံကိုပြပါ။ .... ၁၆၇

အမေး မာတိကာ — စာမျက်နှာ


၅။ ကုသိုလ်ကံတူ အကျိုးပေးပုံကို ဇာတ်ဝတ္ထုများနှင့် တကွ ထင်ရှားပြပါ။ .... ၁၆၈

၆။ အကုသိုလ်ကံတူ အကျိုးပေးပုံကိုလည်း ဝတ္ထုနှင့်တကွ ထင်ရှားပြပါ။ .... ၁၆၈

၇။ တနေယာက်ကုသိုလ်၏ အကျိုးအာနိသင်ကို စပ်ဆိုင်သူများ ရတတ်ပုံကို ဝတ္ထုနှင့်တကွ ပြပါ။ .... ၁၆၉

၈။ အကုသိုလ်၏ အကျိုးများလည်း နီးစပ်သူတို့အား အဖျားခတ်တတ်ပုံကို ဝတ္ထုနှင့်တကွပြပါ။ .... ၁၇၀

၉။ အကုသိုလ်ကံသည် ကံပြုသူကို ပိုက်ရိုက်နှိပ်စက်ခွင့် မရလျှင် နီးစပ်သူတို့ ဒဏ်ခံရတတ်ပုံကိုပြပါ။ .... ၁၇၂

၁၀။ ကံချင်းတူလျက် ကံပြုသူ၏ မျက်နှာလိုက်၍ အကျိုးပေး မတူတတ်ပုံကို ပြပါ။ .... ၁၇၂

၁၁။ သမ္ပတ္တိ ၄-ပါး, ဝိပတ္တိ ၄-ပါးကို ပါဠိမြန်မာ ၂-မျိုးလုံး ပြပါ။ .... ၁၇၃

၁၂။ ကုသိုလ်ကံ အကုသိုလ်ကံ ၂-မျိုးတွင် သမ္ပတ္တိဆိုက်နေသောအခါ အဘယ်ကံ အကျိုးပေးခွင့်သာ၍ ဝိပတ္တိဆိုက်သောအခါ အဘယ်ကံ အကျိုးပေးခွင့်သာပါသနည်း။ .... ၁၇၅

၁၃။ ပယောဂသမ္ပတ္တိဖြင့် အကုသိုလ်ကံ အကျိုးမပေးအောင် တားနိုင်ပုံကိုပြပါ။ .... ၁၇၇

၁၄။ ပယောဂ သမ္ပတ္တိကြောင့် စီးပွါးရေး တန်းမြင့်ပုံကိုပြပါ။ .... ၁၇၈

၁၅။ ပယောဂသမ္ပတ္တိကြောင့် ကျွန်းမာပုံကိုပြပါ။ .... ၁၇၉

၁၆။ ပယောဂသမ္ပတ္တိ အမျိုးမျိုးကိုပြပါ။ .... ၁၇၉

၁၇။ ဝိပတ္တိဆိုက်နေလျှင် ပြင်၍ မရပြီလော, ရနိုင်သမျှ ပြုပြင်နည်းကိုပြပါ။ .... ၁၈၁

အမေး မာတိကာ စာမျက်နှာ

၁၈။ "သမ္ဘာ့ဝိပတ္တိဆိုက်နေပုံအလိုက် ကုသိုလ် အကုသိုလ် ကံတို့ အကျိုးပေးခွင့် သာကြသည်" ဟု မယူဆမူ၍, (မည်သည့် ကောင်းကျိုး ဆိုးကျိုးကိုမဆို) ကံစီမံသလို ဖြစ်ကြရသည်, မည်သည့်အချိန်မှာ မည်သည့်အကျိုးကို ရလိမ့်မည်ဟု ရှေးမဆွကပင် ကံက စီမံပြီးဖြစ်သည်ဟု အယူသည်းသူတို့မှာ အဘယ်မိစ္ဆာ အယူသို့ သက်ဝင်နေသနည်း။ .... ၁၈၃
၁၉။ ကုသိုလ် အကုသိုလ်ကံတို့ ကံတူ အကျိုးပေးပုံကိုပြပါ။ .... ၁၈၄
၂၀။ ဒါနပြုစဉ်က အာပရာ-စေတနာ ချို့တဲ့၍ စည်းစိမ် မခံစားချင်ဘဲ ဖြစ်ရပုံ ဝတ္ထုကို ပြပါ။ .... ၁၈၅

---

## အဋ္ဌမခန်း လေ့ကျင့်ဖွယ်များ

၁။ သေခြင်းအကြောင်း ၄-ပါးကိုပြပါ။ .... ၁၈၈
၂။ အသက်တမ်းကုန်၍ သေရပုံကိုပြပါ။ .... ၁၈၈
၃။ ကံစွမ်းကုန်၍ သေရပုံကိုပြပါ။ .... ၁၈၉
၄။ အသက်တမ်း ကံစွမ်း ၂-မျိုးလုံး ကုန်ခြင်းကြောင့် သေရပုံကို ပြပါ။ .... ၁၈၉
၅။ ဥပစ္ဆေဒကကံ ဟူသည် အဘယ်နည်း, ထိုကံကြောင့် သေရပုံကို ပြပါ။ .... ၁၉၀
၆။ သေချိန်မကျဘဲ သေရသူတွေ ပေါ်များပုံကို ပြပါ။ .... ၁၉၁
၇။ စုတေခါနီး အရေးကြီးပုံကိုပြပါ။ .... ၁၉၂
၈။ စုတေခါနီးထင်လာတတ်သော အာရုံ ၃-မျိုးကိုပြပါ။ .... ၁၉၂
၉။ ကံအာရုံ ထင်လာပုံကိုပြပါ။ .... ၁၉၃
၁၀။ ကမ္မနိမိတ်အာရုံ ထင်လာပုံကိုပြပါ။ .... ၁၉၃
၁၁။ ဂတိနိမိတ်အာရုံ ထင်လာပုံကိုပြပါ။ .... ၁၉၄
၁၂။ ဂတိကောင်းမည်-မကောင်းမည်ကို ဘယ်လို အခြေအနေ ကြည့်၍ မှန်းနိုင်သနည်း။ .... ၁၉၄

| အမေး မာတိကာ | | စာမျက်နှာ |
|---|---|---|
| ၈။ ခန္ဓာကိုယ်၌ အမာခံနှင့် အမွန်းတင်ရုပ်များကို ခွဲခြား ပြပါ။ | .... | ၂၁၂ |
| ၉။ ပသာဒရုပ် ၅-ပါးကို ရေတွက်၍, ထိုပသာဒတို့၏ တည်ရာအရပ်ကိုလည်း ပြပါ။ | .... | ၂၁၃ |
| ၁၀။ အာရုံ ၅-ပါးကိုရေတွက်ပြ၍ ထိုအာရုံများကို ဖမ်း နိုင်သော ပသာဒ ၅-ရုပ်နှင့် တွဲစပ်၍ပြပါ။ | .... | ၂၁၄ |
| ၁၁။ အဘယ်တရားကို ကာမဂုဏ် ၅-ပါးဟု ခေါ်သနည်း။ | .... | ၂၁၄ |
| ၁၂။ မိန်းမ ယောကျ်ား ကွဲပြားခြင်း၏ အကြောင်းရင်း ဖြစ်သော ရုပ်များကား ဘယ်ရုပ်များနည်း၊ ထိုရုပ်များ သည် ခန္ဓာကိုယ်ဝယ် အဘယ်အရပ်၌ တည်ရှိကြသနည်း။ | .... | ၂၁၄ |
| ၁၃။ များစွာသော စိတ်တို့၏ တည်ရာရုပ်ကား ဘယ်ရုပ်နည်း, ထိုရုပ်သည် အဘယ်အရပ်၌ တည်ရှိသနည်း။ | .... | ၂၁၅ |
| ၁၄။ ရုပ်တို့မှာ,အသက်ရှိသလား,ရှိလျှင် ဘယ်တရားနည်း။ | .... | ၂၁၅ |
| ၁၅။ ဩဇာဟူသည် အဘယ်ရုပ်နည်း။ | .... | ၂၁၅ |
| ၁၆။ အကာသဓာတ်ဟူသည် အဘယ်နည်း။ | .... | ၂၁၅ |
| ၁၇။ အဘယ်ကို "ကလာပ်"ဟု ခေါ်သနည်း, ရုပ်တို့သည် တခုစီခွဲ၍ ဖြစ်ရိုးရှိကြသလား။ | .... | ၂၁၆ |
| ၁၈။ အမြဲတွဲ၍ ဖြစ်ရသော ရုပ် ၈-ပါးကို ပြ၍, မြေ, ရေ,လေ- နေရောင် စသည်၌ မည်သည့်ရုပ်များ စုဝေးနေသည်ဟု ပြပါ။ | .... | ၂၁၆ |
| ၁၉။ ဤရုပ်ခန္ဓာကြီးကို ကံက စီမံပုံ-စိတ်က စီမံပုံ-ဥတုက စီမံပုံ— အာဟာရက စီမံပုံကိုလည်း အသီးသီး ခွဲခြား ပြပါ။ | .... | ၂၁၇ |

---

**ကောဒသမခန်း လေ့ကျင့်ဖွယ်များ**

| | | |
|---|---|---|
| ၁။ ရေဲဘုံ ဘယ်မှာရှိသလဲ, ဘာ့ကြောင့် ဖြစ်သလဲ။ | .... | ၂၂၂ |
| ၂။ ငရဲကြီးရှစ်ထပ်ကို ရေတွက်ပြပါ။ | .... | ၂၂၂ |

| အမေး မာတိကာ | | စာမျက်နှာ |
|---|---|---|
| ၃။ | ဘယ်သူ့ကို "ယမမင်း"ဟု ခေါ်သနည်း, ထိုယမမင်းသည် ဘယ်လိုသဘောဖြင့် ငရဲရောက်လာသူများကို စစ်ဆေးသနည်း, ငရဲရောက်လာသူတိုင်း အစစ်ဆေးခံရသလား။ .... | ၂၂၃ |
| ၄။ | ဘယ်သူများကို ငရဲထိန်းဟု ခေါ်သနည်း, ထိုငရဲထိန်းတို့က ဘယ်ကိစ္စများကို ရွက်ဆောင်ကြရသနည်း။ .... | ၂၂၃ |
| ၅။ | ငရဲကြီးရှစ်ထပ်၌ ဒုက္ခခံရပုံကို အသီးသီး ခွဲခြားပြပါ။ .... | ၂၂၅ |
| ၆။ | ငရဲကြီးရှစ်ထပ်အပြင် အခြား ငရဲများ ရှိသေးသလား, ငရဲဒုက္ခကို ကုန်အောင် ပြနိုင်မည်လား။ .... | ၂၃၁ |
| ၇။ | ကမ္ဘာကြီးပျက်ပုံကို ပြပါ။ .... | ၂၃၂ |
| ၈။ | ကမ္ဘာတည်ပုံကို ပြပါ။ .... | ၂၃၄ |
| ၉။ | လောကန္တရိက်ငရဲသည် ဘယ်မှာ တည်နေသနည်း။ .... | ၂၃၅ |
| ၁၀။ | မြင့်မိုရ်တောင်-ကျွန်းကြီး ၄ ကျွန်း-နတ်ပြည်, ဗြဟ္မာ့ပြည်များ၏ တည်ရာအရပ်ကို ပြပါ။ .... | ၂၃၆ |
| ၁၁။ | ကမ္ဘာဦးက ဗြဟ္မာကြီးများ ကိုယ်တိုင် လူ့ပြည်ဆင်းကာ လူဖြစ်ကြသလား, ဘယ်လိုနည်းဖြင့် လူဖြစ်လာကြသနည်း။ .... | ၂၃၆ |
| ၁၂။ | ကမ္ဘာဦးက လူများ အစားအစာကို ပဌမ စားပုံ, လ နေ နက္ခတ်တို့ ပေါ်လာပုံကို ပြပါ။ .... | ၂၃၇ |
| ၁၃။ | ယောကျ်ား မိန်းမ ကွဲပြားလာပုံကို ပြပါ။ .... | ၂၃၈ |
| ၁၄။ | ကမ္ဘာဦးလူတို့ ဘာ့ကြောင့် အိမ်ဆောက်၍ နေကြသနည်း, မင်္ဂလာဆောင် ခဲပေါက်ကိစ္စ ဘယ်ကစ၍ ဖြစ်ခဲ့သနည်း။ .... | ၂၃၈ |
| ၁၅။ | နတ်ဘုံ နတ်နန်းတို့ ခမ်းနားပုံကိုပြပါ။ .... | ၂၃၉ |
| ၁၆။ | နတ်သမီးများ၏ လူ့သမီးထက် ထူးခြားပုံကိုပြပါ။ .... | ၂၄၀ |
| ၁၇။ | တချို့နတ်မှာ တဘက် ၅၀၀-အခြွေအရံရှိဘို့ကို မဆိုထားဘိ ဗိမာန်ကိုမျှ ကိုယ်ပိုင်ရှိကြမည်လား။ .... | ၂၄၀ |

**မသိတိုင်း မောဟဟု မမှတ်ရ** မသိခြင်းသဘောကို မောဟဟု ဆိုသောကြောင့် မသင်ဘူးသော အတတ် – မရောက်ဘူးသော အရပ်နှင့် မမှတ်ဘူးသော နာမည် စသည်တို့ကို မသိခြင်းများလည်း မောဟအစစ် အကုသိုလ်ဖြစ်သည်ဟု မှတ်ထင်တတ်ကြ၏။ ထို မသိမျိုးမှာ မသိရုံ သက်သက်သာ ဖြစ်၍ မောဟ အစစ် အကုသိုလ် မဖြစ်ပါ။ မိမိ၌ မှတ်သားဘူးသော သညာမရှိမှု သာတည်း။ ထို မသိမျိုးမှာ သာမန်လူတွေကို မဆိုထားဘိ၊ ရဟန္တာများမှာပင် ရှိပါသေးသည်။

ဘုရားရှင်က လွှဲလျှင် ပထမတန်းဉာဏ်တော်ရှင် ဖြစ်သော အရှင်သာရိပုတြာ သည်ပင် တပည့်ရဟန်းကလေးတပါး၌ ကမ္မဋ္ဌာန်း အပေးမှားတော်မူခဲ့သေး၏။ ရဟန်းကလေးက ငယ်ရွယ်သူဖြစ်၍ ကာမရာဂ ထကြွချိန်ဟု သဘောပိုက်ကာ အသုဘကမ္မဋ္ဌာန်းကို ပေးတော်မူလေရာ၊ ရဟန်းကလေး၏ စရိုက်အလိုနှင့် မတွဲသောကြောင့် ၄ လလုံးလုံး အားထုတ် ပါသော်လည်း အရိပ်နိမိတ်မျှမထင်ပဲ ရှိလေသတဲ့။

ထို့နောက် ဘုရားရှင်ထံခေါ်သွားမှ ဘုရားက စရိုက်နှင့်သင့်မြတ်အောင် ပဒုမ္မာကြာပန်းကို ဖန်ဆင်း၍ပေးတော်မူလေရာ လွန်စွာနှစ်သက်နေစဉ် မကြာခင် ညှိုးနွမ်းအောင် ဖန်ဆင်းပြ၍ သံဝေဂအရမှာ အနိစ္စ—ဒုက္ခ—အနတ္တ ထင်မြင်အောင် ဆင်ပြင်၍ ဟောပြသောအခါ ရဟန္တာ ဖြစ်သွားလေသည်။ ဤနေရာတွင် ဘုရားရှင်၏ ဉာဏ်တော်ကြီးပုံနှင့် မောဟကင်းပြီးသော အရှင်သာရိပုတြာ၏ အချို့အရာ၌ မသိပုံကို သတိပြုခဲ့ပါ။

ဤသို့လျှင် အရှင်သာရိပုတြာသော်မှ မိမိအရာမဟုတ်သော အချက်များကို မသိနိုင်သောကြောင့် ယခုကာလ မသင်ဘူးသောအတတ် စသည်နှင့် ဉာဏ်ကြီးရှင်တို့ အရာကို မသိခြင်းမှာ မောဟ၏ ကွယ်ကာမှု မဟုတ်၊ မိမိဉာဏ်ပညာ၏အစွမ်းသတ္တိ နုံ့မှုသာဟုမှတ်ပါ။ ဥပမာ—နေ့လယ်ကြောင်တောင် နေရောင်ရှိတုန်း အခါ၌ အကွယ်အကာ မရှိသော အဝေးအရပ်ကို

ဘက်အိမ်က မိန်းမကြီး စကားထစ်ကြောင်း ပြောလာသောသားငယ်က "အ.... အ....အဖေ၊ ဟို....ဟို....ဟို ဘက် အိမ် က မိန်း....မိန်း....မိန်း-မကြီးဟာ စ....စ.... စကား ထစ်၊ ထစ်....ထစ်၊ ထစ်လိုက်တာ" ဟု ပြောသလို ထိုသူ့ ကိုယ်တိုင်မှာ အကဲ့ရဲ့ခံရပြီး ဖြစ်၍ "သူခိုးသေဖော်ညှိများ" ဖြစ်တတ်ကြသည်။

သို့မဟုတ် မိမိကဲ့ရဲ့ဖွယ်ကို အစွမ်းကုန် ဖုံးကွယ်ထားသော "ကြောင်သူတော်များ" ဖြစ်တတ်ကြသည်။ ဘာ့ကြောင့်နည်း။ "ခိုးတတ်လျှင် ရိုးတတ်" သော ကြောင့်တည်း။ တချို့ အချက်များ၌ကား "ကိုယ့်ထက်သာ၍ မနာလို" လို့ ကဲ့ရဲ့သော်လည်း ထို အကဲ့ရဲ့မျိုးကို သူကိုယ်တိုင်ပင် ခံချင်ကောင်း ခံချင်ပါလိမ့်မည်။ ဘာ့ကြောင့်နည်း။ မိန်းကလေးတယောက်အိမ်သို့ ဂုဏ်ရှိသိန်ရှိ ယောကျ်ားကလေး ထွက်ဝင်နေရာဝယ် တနယ်လုံး ကဲ့ရဲ့ကြရာ၌ အမှန်စင်စစ်မှာ မိမိတို့ဆီ မလာသောကြောင့်သာ ဖြစ်သကဲ့သို့တည်း။ ဤသို့လျှင် အကဲ့ရဲ့ခံရမှုသည် မကင်းနိုင်သော လောကဓံ ဖြစ်သည့်ပြင် အမှန်အားဖြင့် ကဲ့ရဲ့သလောက် အပြစ်ရှိချင်မှ ရှိမည်။ အပြစ်ရှိသည်ပင်ထားဦးတော့၊ ကြောက်သင့် ရှက်သင့်သလောက်ထက် မိမိစိတ်ကို မိမိချောက်နေခြင်းက ပိုကောင်းပိုပါလိမ့်မည်။

တစ္ဆေ ကြောက်တတ်သူသည် ညဥ့် မှောင် မိုက် ထဲ တွင် ထန်းပင်ငုတ်တိုကို မြင်ရာ၌ ထန်းပင်ငုတ်တိုက လုံးဝ မချောက်သော်လဲ သူ့ စိတ်ထဲက "တစ္ဆေပဲ.... တစ္ဆေပဲ" ဟု အသေအလဲ စွဲလမ်း၍ တစ္ဆေ ကမ္မဋ္ဌာန်း စီးဖြန်းသောကြောင့် ကမ္မဋ္ဌာန်း ပေါက်ပြီးလျှင် သူ့ နောက်သို့ လိုက်နေသည်ဟု ထင်ကာ မစင်ပါအောင် ပြေးရှာသကဲ့သို့တည်း။ ထို့အတူ တချို့ကိစ္စ၌ မိမိစိတ်ကို မိမိချောက်ကာ အလွန့်အလွန်ကြောက်စရာဟု ထင်လာတတ်ပေသည်။ ထို့ကြောင့် သံယုတ်ပါဠိတော်၌ "တောထဲမှာ ချွတ်ချွတ်သံကြားတိုင်း မောကြီးပန်းကြီး ပြေးရရှာသော သမင်ပျံကဲ့သို့ အကဲ့ရဲ့ခံရမည်မှ ကြောက်နေသူကိုလည်း စိတ်မတည်သူ၊ စိတ်မခိုင်သူ၊ ပေါ့ဆဆစိတ်ရှိသူ" ဟု မိန့်တော်မူသည်။ ချွတ်ချွတ်သံ ကြားတိုင်း ပြေးရသဖြင့် သမင်ပျံမှာ အစာ‌ ရေစာ မဝသကဲ့သို့၊ ထို ကြောက်တတ်သူမှာလည်း မည်သည့် အကျိုးကိုမျှ မရချေ။ နဂိုကပင် အရှက်ရစေတော့ဟု သဘောထား၍ ကဲ့ရဲ့ ရကား ထိုကဲ့သို့ ရှက်မှန်း ကြောက်မှန်းသိလျှင် ကဲ့ရဲ့သူတို့အတွက် "မျက်ဖြူဆိုက်လေ ဆရာကြိုက်လေ" ဖြစ်ပေလတံ့။

ကုက္ကုစ္စ ငြိမ်းအေးပြီးမှ တရား၌ စိတ်စိုက်သော ကုသိုလ်ကြောင့် နတ်ပြည်သို့ ရောက်ရလေသည်။ သို့ဖြစ်၍ မည်သူမဆို ပြုခဲ့ပြီး အကုသိုလ် အတွက်လည်း မပူပန်ရ၊ ကုသိုလ်ကို မပြုခဲ့ရသေး၍လည်း နောင်တ မဖြစ်ကြစေပဲ၊ ပြုခဲ့သော နည်းဖြင့် အကုသိုလ်အသစ် မဖြစ်အောင်သာ ကြိုးစားလျက် သတိရသော အရှယ်ကစ၍ ကုသိုလ်ကို အားထုတ်သင့်ကြပေသည်။

## ထိန မိဒ္ဓ တို့ အကြောင်း

စိတ်ရော ကိုယ်ပါ သွက်လက်ခြင်းမရှိပဲ ထိုင်းတိုင်းတိုင်းဖြစ်ခြင်းကို "ထိန" ဟုလည်းကောင်း၊ မှိုင်းတိုင်းတိုင်းဖြစ်ခြင်းကို "မိဒ္ဓ" ဟုလည်းကောင်း ခေါ်၏။ ထို့ကြောင့် " ထိုင်းခြင်း ထိန၊ မှိုင်း မိဒ္ဓနှင့် " ဟု ဆိုခဲ့သည်။ ဤ စေတသိက် ၂-ပါးသည် အတူ ဖြစ်ရိုးတည်း။ ဤ ၂-ပါး ဖြစ်သည့်အခါ လုံ့လ ဝီရိယ ကင်း၍ ပျင်းရိသလို ဖြစ်နေ၏။ ဆိုင်ရာအလုပ်ကိစ္စ၌ ထက်ထက်သန်သန် မရှိပဲ တွန့်ဆုတ် တွန့်ဆုတ် ဖြစ်နေ၏။ ဤ ၂-ပါး ဖြစ်ပုံသည် အိပ်ပျော်ကာနီးအခါ၊ တရားနာရင်း ငိုက်သည့်အခါတို့၌ ထင်ရှား၏။

အိပ်ချင်တိုင်းလည်း ထိန မိဒ္ဓ မဟုတ်။ တချို့ အိပ်ချင်မှုမှာ အလုပ်အကိုင် ပင်ပန်းသဖြင့် ခန္ဓာကိုယ် ညှိုးနွမ်းမှုကြောင့် ဖြစ်ရသည်။ ထို အိပ်ချင်မှုမျိုးကား ရဟန္တာများ၌လည်း ဖြစ်ရလေသည်။ နေပူမိသဖြင့် ညှိုးနွမ်းသော သစ်ပင်များလည်း တွန့်ကာ ရှုံ့ကာ အိပ်ချင်လာသကဲ့သို့ ဖြစ်ကြရလေသည်။ ထို့ကြောင့် အိပ်ချင်တိုင်း ထိန မိဒ္ဓ မဟုတ်။ ထိုထို ကိစ္စတို့၌ စိတ်နှင့် စေတသိက်များ ထက်ထက်သန်သန် မရှိလှပဲ တွန့်ဆုတ်ခြင်း၊ ထိုင်းမှိုင်းခြင်းကိုသာ ထိန မိဒ္ဓ ဟု မှတ်ပါ။ ယခု ကာလ၌လည်း အလုပ်အကိုင် ပျင်း၍ ထိုင်းမှိုင်းနေသူကို " တယ်....ထိန မိဒ္ဓ အားကြီးတဲ့လူ" ဟု ပြောစမှတ်ပြုကြသည်။

## ဝိစိကိစ္ဆာ အကြောင်း

ဘုရား စသည်၌ ယုံမှားခြင်း သဘောသည် ဝိစိကိစ္ဆာတည်း။ ထို့ကြောင့် "ဘုရား စသည့်၊ ယုံမှားဘိမူ၊ ဝိစိကိစ္ဆာ" ဟု ဆိုခဲ့သည်။ "ယုံမှား" ဟူသည်

တတ်သော ဩတ္တပ္ပတရားဖြစ်လေသည်။ မိမိ ဂုဏ်သိက္ခာကိုလည်း မငဲ့၊ ဆရာသမား မိဘဆွေမျိုးများကိုလည်း မငဲ့၊ ရွံ့ချင်တိုင်းရွံ့သူဥကား ဟိရီ ဩတ္တပ္ပ ၂-မျိုးလုံးကင်း၍ ဒုစရိုက်အမှုတွေ ပြည့်တင်းနေလေတော့သည်။

ထို့ကြောင့် ဤ ဟိရီနှင့် ဩတ္တပ္ပ တရား ၂-ပါးသည် ကမ္ဘာသူ ကမ္ဘာသားလူအများကို သားနှင့် အမိ မောင်နှင့် နှစ်မ စသည် ခြားနားအောင် စောင့်ရှောက်တတ်သောကြောင့် "လောကပါလ = ကမ္ဘာစောင့်တရား" ဟု လည်းကောင်း၊ ဖြူစင်သန့်ရှင်း အပြစ်ကင်းအောင် ပြုတတ်သောကြောင့် "သုက္ကဓမ္မ= ဖြူစင်သောတရား" ဟုလည်းကောင်း နာမည်ရသည်။ လူ့လောက၌ ဤတရား ၂ - ပါးသာ မရှိပါမူ တိရစ္ဆာန်တို့နှင့် မထူးခြားပဲ မှားချင်တိုင်းမှား၍ မကြားကောင်း မနာသာဖြစ်ရာ၏။ ယခုအခါမှာပင် ဟိရီဩတ္တပ္ပ ကင်းသူတို့နှင့် ပေါင်းသင်းဆက်ဆံ၍ နေကြရသဖြင့် အဝတ် အစား အနေ အထိုင် အသွားအလာမှစ၍ လျှပ်ပေါ်လော်လီကာ အမြင်မတော်စရာတွေ များလှချေပြီ။ ဤအတိုင်းသွားလျှင် မကြာခင် အမြီးပေါက်ကြလိမ့်မည်။

**ဟိရီဩတ္တပ္ပအစစ်** ရှက်မှု ကြောက်လန့်မှုကို ဟိရီ - ဩတ္တပ္ပ ဟု ဆိုသော်လည်း တွေ့ကရ ရှက်ကြောက်မှုတွေကို ဟိရီ ဩတ္တပ္ပအစစ် ဟု မမှတ်ရ။ ဒုစရိုက် မကောင်းမှုတို့ ပြုရမည်မှ ရှက်ခြင်း ကြောက်ခြင်းကိုသာ ဟိရီဩတ္တပ္ပ အစစ် ဟု မှတ်ရမည်။ ထို့ကြောင့် ဥပုသ်စောင့် တရားနာ ဘုရားသွားရမှာကို ရှက်မှု၊ ပရိသတ် အလယ်မှာ စာဖတ် စကားပြော တရားဟောရမှာကို ရှက်မှု-(အစာပြတ်၍ ငတ်သေရမည်ကို မရှက်၊ အလုပ်လက်မဲ့နှင့် တေလေလုပ်ရမည်လည်း မရှက်ပဲ) အောက်ကျသည်ဟု ထင်သော အလုပ်တခုခု လုပ်ရမည်ကို ရှက်မှု၊ ယောကျ်ားနှင့် မိန်းကလေးတို့ အချင်းချင်းတွေ့သောအခါ ရှက်နေမှုများသည် ဟိရီအစစ်မဟုတ်၊ ပရိယာယ်မာယာများခြင်း၊ ဟန်ကြီး ပန်ကြီး လုပ်ခြင်းသာ ဖြစ်၏။ အဘိဓမ္မာအလိုအားဖြင့် တဏှာသဘောပင်တည်း။

**မရှက် ၄-ပါး** လောကီ အကျိုးစီးပွားကို ပြသော နီတိကျမ်းများ၌ ၁-ရောင်းဝယ်ဖေါက်ကား အတိုးအပွား ပေးသောအခါ၊ ၂ - ဆရာ့အထံ ချဉ်းကပ်၍ အတတ်ပညာ သင်သောအခါ၊ ၃ - အစာ စားသောအခါ၊

အကောင်း စေတသိက်များကိုပြရာဝယ် "အကောင်းအစစ် မဟုတ်ပဲ သဒ္ဓါအတု၊ သတိအတု၊ ဟိရိဩတ္တပ္ပအတု" စသည်ဖြင့် အတုတွေ ပါဝင်နေသည်။ မကောင်း စေတသိက်များကို ပြရာ၌ကား မကောင်းသက်သက် အကောင်း မရောယှက်ခဲ့ချေ။ ဤမျှလောက် ခွဲခြားရှိမှုဖြင့် "အကောင်းသက်သက် အဖြစ်နည်း၍ အကောင်း-မကောင်း သောင်းပြောင်းနှင့် မကောင်းသက်သက်တွေကသာ ငါတို့သန္တာန်၌ အဖြစ်များနေပါတကား" ဟု စဉ်းစားမိလောက်ပြီ။

ထိုသို့ မကောင်းတရားတွေ ဗရပွေ ဖြစ်နေသောကြောင့်သာ သံသရာမှာ ကြာခဲ့ကြရသည်။ ယခုလောက် တတ်သိ နားလည်သော ဘဝမှာပင် မကောင်းတရားတွေ အဖြစ်များစေဦးမည်ဆိုက နိဗ္ဗာန်ရလိုကြောင်း အာပေါက်အောင် ဆုတောင်းနေသော်လည်း အကောင်းဆုံးနိဗ္ဗာန်နှင့် ကေန် ဝေးကြဦးမည်သာ။ သို့ဖြစ်၍ သူတော်ကောင်း စာရင်းတွင် ပါဝင်လို၊ နိဗ္ဗာန်ကို အမြန် ရလိုသူတိုင်း သူတပါး အထင်ကြီးရုံကောင်းသော သူတော်ကောင်းမျိုးထက် မိမိကိုယ်ကို မိမိအထင်ကြီးသော သူတော်ကောင်းအဖြစ်မျိုးကိုသာ နစ်နစ်ကာကာ အလိုရှိကြပါကုန်။ ငါ၏အတွက်ကား ပရိယာယ်သဘော မာယာသာဌေယျမနှောသော စင်းလုံးချော စိတ်ကောင်းစိတ်ထက်သာ ဘဝတိုင်း ဖြစ်ရလို၏။ ငါ၏ အဆက်အသွယ် ကြီးကြီးငယ်ငယ်များလည်း တကယ်စင်စစ် သူတော်ကောင်းဖြစ်အောင် ထူထောင်နိုင်ကြပါစေသော်။

> စိတ်ကောင်းဖြစ်မှု၊ ခြယ်လှယ်ပြုသည့်၊ ယခု ညွှန်ကြား၊ စေတသိက်များကို၊
> ခွဲခြမ်းစုပေါင်း၊ စိတ်စက်ကောင်းဖြင့်၊ နှစ်ထောင်းအားရ၊ ရေး-ပုညကြောင့်၊
> ရှုကြသူပေါင်း၊ စိတ်ယုတ်ပြောင်း၍၊ စိတ်ကောင်းရစေ၊ ငါ့အနေမူ၊ မသွေ
> ဖြောင့်တန်း၊ နိဗ္ဗာန်လှမ်းဖို့၊ စိတ်စွမ်းထက်မြက်၊ ဆင့်ဆင့်တက်သား၊ အဆက်
> အသွယ်၊ ကြီးကြီးငယ်လည်း၊ ငါ့နှယ်နည်းတူ၊ စိတ်ကောင်းယူသည်၊ နိဗ္ဗူ
> ထုတ်ချောက်၊ ရောက်ရန်သော်။

**စိတ်ကို ကောင်းအောင် ခြယ်လှယ်သော**
**စေတသိက်များ ပြီးပြီ။**

[ ဝီရိယ ကောင်းဖို့ရန် တိုက်တွန်းသော်လည်း ဆင်ကန်း တောတိုး သဘော မျိုးဖြင့် အကျိုးမများသော ဝီရိယကို မဆိုလို။ စဉ်းစားဉာဏ်ပါသော ဝီရိယ ကိုသာ ဖြစ်စေလိုသည်။ ]

## ပီ တိ အ ကြောင်း

အာရုံတခုခုကို နှစ်သက် အားရ သဘောကျ နေခြင်းသည် ပီ တိ ဇာည်း။ ထို့ကြောင့် "အားရနှစ်သက်၊ ပီတိဆက်၍" ဟု ဆိုခဲ့သည်။ ဤပီတိသည် သုခ ဝေဒနာကဲ့သို့ ခံစားခြင်း မဟုတ်။ နှစ်သက်အားရခြင်း၊ သဘောကျခြင်းသာ ဖြစ်သည်။ ရေငတ်သူသည် ရေရှိကြောင်းကို ကြားရ၊ ရေကို မြင်ရသောအခါ နှစ်သက်၏၊ ပီတိဖြစ်၏။ ရေကိုသောက်ရသောအခါ သုခဝေဒနာ ဖြစ်သည်။

မိမိချစ်သူကို မြင်ရသည်ဖြစ်စေ၊ စကားအတူပြောနေရသည်ဖြစ်စေ၊ သီချင်း သံကို ကြားရသည်ဖြစ်စေ၊ တရားသံကို ကြားရသည်ဖြစ်စေ ကြက်သီးထလာ အောင် နှစ်သက်ခြင်း ဖြစ်၏။ ထိုနှစ်သက်မှုသည် ပီတိပင်တည်း။ ရှေးတုန်းက အမျိုးသမီးတယောက်သည် တောင်ပေါ်က ဘုရားပွဲတော်အချိန်မှာ ကိုယ်လေး လက်ဝန် ရှိနေသောကြောင့် ဘုရားပွဲမလိုက်ရသဖြင့် မိမိအိမ်မှနေ၍ တောင်ပေါ် ဘုရားကို ဖူးမြော်ယင်း ဖူးမြော်ယင်း အလွန်အမင်း နှစ်သက်ရကား ထိုပီတိအဟုန် ကြောင့် တကိုယ်လုံး မြောက်ပြီးလျှင် ဘုရားယင်ပြင်တော်သို့ ရောက်မှန်းမသိ ရောက်သွားဖူးသတဲ့။

ကုသိုလ်ကောင်းမှု တခုခုကို ပြုနေစဉ် (အလှူပေးနေစဉ်) မိမိလှူဖွယ်များကို ကြည့်၍ လည်းကောင်း၊ စားကြ သောက်ကြသည်ကို ကြည့်၍ လည်းကောင်း ဤပီတိများ ဖြစ်တတ်၏။ တခါတရံ ထိုကဲ့သို့ ပီတိအရင်းခံ၍ အပြင်းအထန် နှစ်သက်လေရာ တဏှာမကင်းသော သောမနဿလည်း ဖြစ်တတ်၏။ ထိုအခါ မျက်နှာလည်း တပြုံးပြုံး တကိုယ်လုံးလည်း တရွရွ တကြွကြွနှင့် ဖြစ်နေတတ် လေသည်။ ကျန်းမာရေး ပညာရေး စီးပွားရေးများ၌ ဝီ ရိ ယ သန် သန် ဖြင့် မှန်မှန်ကြီး လိုက်စားသူတို့သည် တနေ့နေ့၌ မိမိ ရည်ရွယ်သလောက် အကျိုးရ၏။ ထိုအခါ မိမိ အလုပ်များကို ကြည့်၍ ပီတိဖြစ်နေတတ်လေသည်။

ဒုဂ္ဂတိ ဘဝသို့ မလားရပဲ ငါတို့ ဘုရားလက်ထက်၌ "ဒေသပူဇကမထေရ်" ဟု ထင်ရှားသော ရဟန္တာတပါး ဖြစ်လာလေသည်။

## ပုဗ္ဗ-မုဥ္စ-အပရစေတနာ

**ပုဗ္ဗစေတနာ** အလှူတမျိုးကို လှူဒါန်းရာ၌ ပုဗ္ဗစေတနာ၊ မုဥ္စစေတနာ၊ အပရစေတနာဟု ၃-မျိုး ရနိုင်၏။ ထိုတွင် အလှူပေးမည်ဟု ကြံစည်ကာ ထိုအလှူနှင့်ဆိုင်သော ပစ္စည်းများကို ရှာဖွေ စုဆောင်းနေသောအခါမှစ၍ မလှူမီ ရှေ့အဖို့၌ ဖြစ်သမျှ ကုသိုလ်စေတနာတွေသည် "ပုဗ္ဗစေတနာ" မည်၏။ ထိုသို့ ပုဗ္ဗစေတနာ နယ်အတွင်း၌ ဤအလှူဒါနကို အကြောင်းပြု၍ အလှူဒကာ အလှူ့အမ၊ ကျောင်းဒကာ ကျောင်းအမ စသည်ဖြင့် ထင်ရှား ကျော်စေလိုသောစိတ်၊ မိမိလှူနိုင်ကြောင်း ကြွားလိုသောစိတ်များ မဖြစ်စေရ။ လှူဖို့ရာ ပစ္စည်းစုံခိုက် အိမ်သား အချင်းချင်း အလှူနှင့်စပ်၍ မကျေမနပ် ဒေါသ-မာန စသော အကုသိုလ်များ၊ အလှူကို လှူမည်ဟု ကြံခဲ့ပြီးမှ တစုံတခုအတွက် စိတ်ပျက်ပြီး တွန့်ဆုတ်သော မလှူလိုသောစိတ်များ မဖြစ်စေရ။ ထိုသို့ မဖြစ်စေပဲ ပျော်ရွှင် ဝမ်းမြောက်စွာ အရာရာ ကျေနပ်လျက် လှူဖွယ်အရပ်ရပ်တို့ကို စီမံနိုင်လျှင် "ပုဗ္ဗစေတနာတွေ အလွန် စင်ကြယ်စွာ ဖြစ်နေပြီ" ဟု မှတ်ပါ။

**မုဥ္စစေတနာ** မုဥ္စသဒ္ဒါသည် "စွန့်လွှတ်ခြင်း" ဟူသော အနက်ကို ဟော၏။ ထို့ကြောင့် စွန့်လွှတ် လှူဒါန်းနေတုန်း အခိုက်၌ ဖြစ်သော စေတနာသည် (ဆွမ်းလှူရာ၌ ဆွမ်းကို အလှူခံပုဂ္ဂိုလ်အား ကပ်လှူနေတုန်းမှာ ဖြစ်သော စေတနာနှင့် ကိုယ်ထိလက်ရောက်မကပ်ပဲ နှုတ်ဖြင့်လျှောက်ထား၍ လှူရာ၌ "လှူပါ၏" ဟု ဆိုခိုက်မှာ ဖြစ်သော စေတနာသည်) "မုဥ္စစေတနာ" မည်၏။ ဤ မုဥ္စစေတနာ အခိုက်လည်း ပြခဲ့သော အကုသိုလ်စိတ်များ မဖြစ်စေပဲ အလှူခံမည့် ပုဂ္ဂိုလ်ကိုလည်း ကပ်ငြိ တွယ်တာသော တဏှာလောဘစိတ် မဖြစ်စေပဲ ယခု လှူဒါန်းလိုက်သည့် အတွက်ကြောင့် ငါ၏ ကိစ္စကို ကူညီ ဆောင်ရွက်လိမ့်မည်ဟု တစုံတခုသော လောကီ အကျိုးကို မမျှော်ပဲ ရက်ရက်ရောရော လှူဒါန်းနိုင်ပါလျှင် "မုဥ္စစေတနာတွေ စင်ကြယ်စွာ ဖြစ်ပြီ" ဟု မှတ်ပါ။

**အပရစေတနာ** အလှူ အထမြောက်ပြီးနောက် ထို ကုသိုလ်နှင့်စပ်၍ ဖြစ်သမျှ စေတနာကို "အပရစေတနာ" ဟု ခေါ်၏။ ထို့ကြောင့် ဒါန

ငါတို့ဘုရား လက်ထက်တိုင်အောင် လူ့ပြည် နတ်ပြည် ကျင်လည်ရာ၀ယ် ဒါနရှင်ကသာ အထက်တန်းကျခဲ့၏။ နောက်ဆုံးဘ၀၌ ကောသလမင်း၏ နန်းတော်တွင် ထိုမိတ်ဆွေရင်း ၂-ဖော် တွေ့ဆုံပြန်ရာ ဒါနရှင်က မင်းသား၊ ဒါနမဲ့က အထိန်းတော်သား ဖြစ်၍ ပုခက် ၂-လုံးတွင် ဒါနရှင်က ထီးဖြူဆောင်းလျက် ရွှေပုခက်၊ ဒါနမဲ့က သစ်သားပုခက်ကို စီးကာ ထိုကဲ့သို့ အရည်အချင်း ကွာခြားစွာဖြင့်ပင် ကျွတ်တမ်းဝင်ကြလေသည်။

**ဒါနသည် သံသရာကို ရှည်စေသလော**

ယခုကာလ၌ "ဒါနသည် သံသရာရှည်စေ၏" ဟု အယူသည်းကြသည်။ ပြခဲ့သော ဝတ္ထု၀ယ် ဒါနရှင်က ကျွတ်တမ်းဝင် နောက်မကျချေ။ ထို့ကြောင့် သံသရာ အရှည် အတို ဝယ် ဒါနကို ရိုးမယ်မဖွဲ့သင့်ပါ။ ဒါနပြုရာတွင် သူတို့၏ စိတ်မစင်ကြယ်မှုကြောင့်သာ "လူတွင်ပါ၍ နွားကျားကိုက်" ခံရသည်။ အမှန်မှာ ဒါနက သံသရာ မရှည်စေ။ "ဤဒါနကြောင့် လူ့ချမ်းသာ နတ်ချမ်းသာ ခံစားရတော့မည်" ဟု ရည်ရွယ်မှု တဏှာဇောက သံသရာ ရေယဉ်ကြော၌ မျောစေခြင်းသာ ဖြစ်သည်။

အချို့က "ဘုရားရှင်သည်ပင် ဒါနတွေ အားကြီးသောကြောင့် သံသရာမှာ ကြာရှည်တော်မူရသည်" ဟု သူတို့ ဉာဏ်ကလေးဖြင့် တွေးရှာကြပြန်သေး၏။ ထိုဒါန အားကြီးတော်မူကြသော ဘုရားရှင်အပေါင်း အသင်္ချေနှင့်အနန္တ (ဂင်္ဂါ ဝါဠု သဲစုမက) ကျွတ်တမ်း ဝင်ကြပြီး ဖြစ်ပါလျက် ငါတို့က ယခုတိုင် မကျွတ်ရသေးသည်မှာ ထိုဘုရားရှင်တို့ထက်ပင် ဒါန အားကြီးနေလို့ပါလော။ ဝေဿန္တရာမင်းသည် ဘုရားမဖြစ်မီ ၂-ဘဝမြောက်က အကြီးအကျယ် ဒါနကို ပြုတော်မူ၏။ ထိုဒါနတွေ အဘယ့်ကြောင့် သံသရာမှာ မကြာစေပါသနည်း။

ထို့ကြောင့် ဒါနသည် သူ၏သဘောအားဖြင့် သံသရာမှာ ကြာရှည်စေသည် မဟုတ်ပါ။ မစင်ကြယ်သော တဏှာဇောကြောင့် သံသရာ၌ မျောကြရသည်ဟု မှတ်ပါ။ ဘုရားအလောင်းတော်တို့၏ သံသရာ၌ ကြာရှည်စွာ နေရခြင်းမှာလည်း ရည်ရွယ်တော်မူရင်းက သဗ္ဗညုတ ဉာဏ်အထူးကို ရဖို့ဖြစ်၍ ထိုဉာဏ်နှင့် ထိုက်တန်သော ပါရမီ အခြေခံ မပြည့်သေးသမျှ ထိုဉာဏ်ကို မရသောကြောင့်သာ ဖြစ်သည်။ ဥပမာ—ရင့်မှ မှည့်နိုင်သော သရက်သီးကို အနုံကလေး ဆွတ်ခူး၍ အုပ်သော်လည်း မမှည့်နိုင်သကဲ့သို့ တည်း။

ကြသည်။ မိုးများသည် ရေတွင်း ရေကန်တို့၌သာ ရွာသည်မဟုတ်၊ ရေမရှိသော ကုန်းပြင်မှာလည်း ရွာကြသည်။

ထို့အတူ ခနရှင် သူတော်ကောင်းများလည်း မိမိတို့ချည်းသာ သုံးစွဲဖို့ရာ ပစ္စည်း ဥစ္စာများ ရှာဖွေ စုဆောင်းထားသည် မဟုတ်၊ ဆင်းရဲသားများအတွက်လည်း လက်ရှိ ပစ္စည်းများကို သိမ်းဆည်း၍ ထားကြလေသည်။ ဒါနပြုသော အခါလည်း ချမ်းသာ ကြွယ်ဝ၍ ရေရှိသော တွင်းနှင့် တူသူကိုသာ (ဘုန်းကံကြီးမားသော ဆရာတော်ကြီးများကိုသာ) ရွေးချယ်၍ မပြုပဲ ကုန်းပြင်နှင့် တူသော ဆင်းရဲသားများကိုလည်း ပြုကြရသည့်ဟု ဆိုလို၏။

"မြစ်ကြီးငါးသွယ်၊ မြစ်ငယ်ငါးရာ၊ ဖြာဖြာစီးကြ၊ မြစ်ထိုမျှကား၊ ချမ်းမြ
ရည်တွေ၊ စီးသည့်ရေကို၊ ရှိသည့်အလျောက်၊ မြစ် မသောက်ဘူး၊
ပေါက်ရောက်ပွားစည်၊ သစ်ပင်သည်ကား၊ သစ်သီးများကို၊ မစား
ကြဘူး၊ သွန်မြူးရေရည်၊ မိုးတုံသည်လည်း၊ ရေတည်သင့်ရာ၊ တွင်း၌
သာလျှင်၊ ရွာသည်ဟုတ်ဘူး၊ ဂုဏ်ထူးမြင်ကျယ်၊ သူတော်ကြွယ်တို့၊
လက်ဝယ်ဥစ္စာ၊ ရတနာလည်း၊ လာလာအများ၊ သူတပါးတို့၊ စီးပွား
ချမ်းသာ၊ အကျိုးငှါသည်၊ မှန်စွာမြဲတည့် မသွေတည်း" —နီတိပျို့။

၎င်း ပြဆိုခဲ့သော အစဉ်ဖြင့် ခနရှင်ဘဝ၌ ဒါနပြုခြင်းသည် မေတ္တာ ကရုဏာ မုဒိတာ ဖြဟ္မစိုရ်တရား အမြဲ တိုးပွားစေသဖြင့် နေ့စဉ်နှင့်အမျှ မျက်နှာ ကြည်လင်၍ ကုသိုလ်ရနေရုံမက နောက်နောက်ဘဝ၌ ခနရှင်ဖြစ်ဖို့အကြောင်း ထပ်လောင်း၍ ကောင်းပြန်စေသည့်ပြင် သံသရာလမ်း ဖြောင့်တန်းစွာဖြင့် ခေမာ နိဗ္ဗာန် သို့ ရောက် စေ နိုင် သော ဒါနကို အဘယ်မှာ မေ့ လျော့ သင့် ပါ တော့ အံ့နည်း။

ထို့ကြောင့် ဘုရား တရားတော် အရ ၈-ပါးသီလ၊ ၁၀-ပါးသီလ၊ အာဇီဝဋ္ဌမက သီလများကို စောင့်သုံးလျက် သန့်ရှင်းသော အဝတ်ကို ဝတ်ဆင်ကာ ကောင်းစွာ ရေမိုးချိုးပြီးနောက် မေတ္တာ ကရုဏာ မုဒိတာ ဖြဟ္မစိုရ် ၃-ပါးကို ပွားများ၍ "အဒ္ဒါ ဣမာယ ပဋိပတ္တိယာ ဇရာ မရဏမှာ ပရိမုစ္စိဿာမိ=၎င်း ဒါန အကျင့်ဖြင့် အို နာ သေရေး ဆင်းရဲဘေးမှ ဧကန် လွတ်မြောက်ရတော့မည်" ဟု

စားသောက် ဝတ်ဆင်ကြရသူတို့ ပျော်ရွှင်ကြပုံကို မြင်ရ၍ ကိုယ်တိုင်လည်း အလွန် ရွှင်ပျတော်မူ၏။ ဤနေရာ၌လည်း ကိုယ်တော်၏ နောင်သံသရာ ချမ်းသာရေးနှင့် ဂုဏ်ပကာသန အရေးတို့ကို မတွေးအားပေ။ ထိုမရှိဆင်းရဲ စားရမဲ့ သောက်ရမဲ့ ဒုက္ခသည်တို့ကို ကယ်တင်နေရခြင်းကိုပင် "မနရှင်သူတော်ကောင်းတို့၏ မှန်မြတ်သော တာဝန်" ဟု အယူရှိ၍ ထိုဒုက္ခသည်တို့ကို ကယ်ဆယ်လိုသော ဆန္ဒ၏ ပြင်းပြတော်မူခြင်းသာ ဖြစ်ပါသည်။

တမြို့လုံး ပွက်ပွက်ဆူအောင် ပစ္စယဆင်ဖြူတော်ကို လှူသောအခါမှာလည်း ဂုဏ်ပကာသနနှင့် ဘဝစည်းစိမ်ကို တွေးတော်မမူပဲ "ဤကောင်းမှုကြောင့် သဗ္ဗညုတဉာဏ်တော်ကို ရလိုပါ၏" ဟု ဆုတောင်းတော်မူသည်။ ဤနေရာဝယ် သဗ္ဗညုတဉာဏ် ရခြင်းကို ကိုယ်တော်၏ အကျိုးဟု မှတ်ထင်ကြပေလိမ့်မည်။ ထိုထင်သလို မဟုတ်ပါ။ သဗ္ဗညုတဉာဏ် ရခြင်းကြောင့် ကိုယ်တော့်မှာ သာ၍ ပင်ပန်းစရာ ရှိပါသည်။ ထိုအသိဉာဏ်ရသည့်အတွက် မနေမနား ဟောပြ ဆုံးမတော်မူရခြင်း၊ ဒေသစာရီ ကြွချီတော်မူရခြင်းတို့ဖြင့် အားလပ်ခွင့်ရတော်မမူပုံကို မှန်းဆ၍ ကြည့်ကြပါကုန်။ ထို့ကြောင့် သဗ္ဗညုတဉာဏ်ကို တောင့်တတော်မူခြင်းသည် ကိုယ်တော့်အတွက် မဟုတ်၊ အများချမ်းသာဖို့ အတွက်သာ ဖြစ်ပါသည်။

နောက်ဆုံး၌ ချစ်လှစွာသော သားတော် သမီးတော် ၂-ပါးနှင့် မဒ္ဒီမိဖုရားကို လှူရက်ပုံမှာ "ကိုယ့်တွက်ကိုယ့်တာ မဟုတ်၊ သတ္တဝါတို့အကျိုးသာဖြစ်ကြောင်း" ကောင်းကောင်းကြီး ထင်ရှားနေပါသည်။ ချဲ့ဦးအံ့—လူ့စည်းစိမ် ဖြစ်စေ၊ နတ်စည်းစိမ် ဖြစ်စေ လိမ္မာလုပ မိမိအလိုကျ နေထိုင်ပေါ်ရသော ဇနီးနှင့် အဖိုးတန် သားသမီးများသာ အချုပ်အခြာ ဖြစ်၏။ ထိုအရာများ မရှိလျှင် စကြာမင်းပင် ဖြစ်သော်လည်း မပျော်မွေ့နိုင်ပါ။ ဝေဿန္တရာမင်း ဘဝ၌ကား မဒ္ဒီမိဖုရားနှင့် သားတော် သမီးတော် ၂-ပါးသည် တကမ္ဘာလုံး၏ မျက်နှာဖုံးဟု ဆိုရလောက်အောင် အထက်တန်း ရောက်ကြ၏။ ထို့ကြောင့် လောက စည်းစိမ်ဝယ် အမြိုန်ဆုံး သားတော် သမီးတော်နှင့် မိဖုရား ရတနာကို လှူရက်တော်မူသည်မှာ မည်သည့်နည်းနှင့်မှ ဂုဏ်ပကာသန နှင့် ဘဝစည်းစိမ် အတွက် မဟုတ်နိုင်ပါ။ သဗ္ဗညုတဉာဏ်တော်ကို ရ၍ ဒုက္ခိတ သတ္တဝါတွေကို ချမ်းသာစေရန် အကျိုးငှါသာ ဖြစ်ပါသည်။

ဤသို့သော ဆန္ဒတော်ဖြင့် **အလောင်းဘုရားသည်** ကမ္ဘာပေါင်းများစွာဝယ် အသက်ကိုစွန့်၍ သီလစောင့်ခြင်း၊ **အသက်ကိုစွန့်၍** သည်းခံခြင်း၊ မိမိအသက် စွန့်၍ သူတပါးအသက်ကိုကယ်ဆယ်ခြင်း၊ မဟောသဓာဘဝကဲ့သို့ သူ့အသက်ကို ကယ်ဆယ်ခြင်းအားဖြင့် ပါရမီဖြည့်တော်မူလာခဲ့သောကြောင့် ဘုရားရှင်ကို အကြောင်းရင်း ပါရမီတော်အားဖြင့် ကြည်ညိုသောအခါ လွန်စွာကောင်းသော အကြောင်းများကို တွေ့ရပေသည်။ ဤကား ဘုရားရှင်၏ အကြောင်းကောင်းပုံ ပေတည်း။

**အကျိုးကောင်းပုံ** ပြခဲ့သော ပါရမီကောင်းမှု **အကြောင်းစုကြောင့်** ဘုရားဖြစ်မည့် ဘဝ၌ ရရှိသော အကျိုးများ၏ အထက်တန်းကျခြင်းကို "အကျိုးကောင်းခြင်း" ဟု ဆိုလိုပါသည်။ ထိုအကျိုးများကား ရုပ်အဆင်းတော်၏ သပ္ပါယ်ခြင်း၊ ဉာဏ်တော်ကြီးမားခြင်း၊ တန်ခိုးအာနုဘော်ကြီး မား ခြင်း များ တည်း။ ထိုအကျိုးများကို မိမိတို့ ကြားဘူးသည့်အတိုင်း ချဲ့ထွင်၍ အာရုံပြုကြပါ။

**သတ္တဝါတို့ အကျိုးများပုံ** ထို ပြခဲ့သော အကြောင်းကြောင့် တင့်တယ် ကြီးမား ခမ်းနားသော အကျိုးကို ရရှိတော်မူပြီးသောအခါ အေးအေးသက်သာ သီတင်းသုံးတော်မမူပါပဲ သတ္တဝါတို့၏ အကျိုးစီးပွားများပြားဖို့ရာ တရားဟောတော်မူလျက် ၄၅-ဝါ အချိန်အခါကို ကုန်လွန်စေတော်မူပါသည်။ ထို့နောက် ပရိနိဗ္ဗာန် စံတော်မူခါနီးဆဲဆဲမှာပင် —

> "ဟန္ဒ ဒါနိ ဘိက္ခဝေ၊ **အာမန္တယာမိ** ဝေါ။
> ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ"

ဟု ဆုံးမ ဩဝါဒ ပေးတော်မူရှာပါသေးသည်။ ထိုသို့ မနားမနေ ဟောပြတော်မူ ပေသောကြောင့် ကုဋေများစွာ သတ္တဝါတို့ သံသရာဝဋ် ဇာတ်သိမ်း၍ အေးငြိမ်းကြရပါသည်။

ဤသို့ အကြောင်းကောင်းပုံ၊ အကျိုးကောင်းပုံ၊ လုံ့လ ဝီရိယ ကြီးမား၍ သတ္တဝါတို့၏ အကျိုးများပုံကို ယုံယုံကြည်ကြည် နှင့် အာရုံပြုသောအခါ "ဗုဒ္ဓေါ မေ သရဏံ၊ အညံ နတ္ထိ=ဘုရားရှင်သည် တပည့်တော်၏ ကိုးကွယ်ရာ ဖြစ်ပါပေသည်။ ဘုရားမှတပါး အခြား ကိုးကွယ်ရာ မရှိတော့ပါ"....ဟု ဘုရား

သီလ၏ တူသော အကျိုး

အမှန် စောင့်ထိန်းရမည့် ဥပုသ် သီလနှင့် ၅-ပါး သီလသည် စောင့်ထိန်းသောအခါ သတ္တဝါတို့ကိုလည်းချမ်းသာစေ၏။ ကိုယ်တိုင်လည်း အလုပ် ဗျာပါရ ကင်း၍ ငြိမ်းအေးသော စိတ်ဖြင့် စောင့်ထိန်းရ၏။ ထို့ကြောင့် သီလ အကျိုးပေးသောအခါ (ပစ္စည်း ဥစ္စာ မပေါစေကာမူ) အနှောင့်အယှက်ကင်း၍ စိတ်ချမ်းသာ ကိုယ်ချမ်းသာ အေးအေး သက်သာ နေရအောင် အကျိုးပေး၏။ ထို့ကြောင့်ပင် "ဒါနတော ဘောဂဝါ၊ သီလတော သုခိတော" ဟု ပြောစမှတ် ပြုကြသည်။ [ဒါနတော-ဒါနကြောင့်၊ ဘောဂဝါ-စည်းစိမ်ကြွယ် ပြော ဥစ္စာ ပေါသူ ဖြစ်ရ၏။ သီလတော-သီလကြောင့်၊ သုခိတော-ကိုယ်စိတ်နှစ်ဖြာ ချမ်းသာသူ ဖြစ်ရ၏။]

ဘာဝနာ၏ တူသော အကျိုး

ကမ္မဋ္ဌာန်း ဘာဝနာ စီးဖြန်းလိုသူကား ပင်ကိုယ်ကပင် လူသူ မခို ငြိမ်ငြိမ်ဆိတ်ဆိတ် ရဂိုလ်မ်း၌ အေးချမ်း သာယာစွာ တကိုယ်တည်း နေ၍ စီးဖြန်းရသည်။ စီးဖြန်းသောအခါ ၌လည်း ဈာန်ရအောင် အားထုတ်လျှင် လောကီအာရုံ ကာမဂုဏ်ကို အစွမ်းကုန် အပြစ်မြင်နိုင်မှ ဈာန်ရ၏။ မဂ်ဖိုလ်ရအောင် အားထုတ်လျှင် ရုပ်၊ နာမ်၊ ခန္ဓာ၊ တသံသရာလုံး ငြီးငွေ့နိုင်မှ မဂ်ဖိုလ်ရသည်။

"မာတင်္ဂကြီး၊ တောခိုမှီးသို့၊ ကိုယ်တည်း အောင်းခို၊ ဗြဟ္မစိုရ်ဖြင့်၊
အလိုတော်ပြည့်၊ ပြည့်အောင်ဖြည့်ပိမ့်၊ ငါ၏ နောက်တော်၊
တယောက်သော်မျှ၊ မခေါ်အပို၊ ဖော်မလိုသည်၊ ရွှေကိုယ်
သက်သက် ရှင်းရှင်းတည်း။"

ဟူသော မဃဒေဝ လင်္ကာနှင့် အညီ တကိုယ်တည်း အားထုတ်ရသော ဘာဝနာအလုပ် ၂-မျိုးတွင်လည်း ဈာန်ကိုရ၍ ဗြဟ္မာ့ပြည် ရောက်သောအခါ ကြင်ရာတော်ဒေဝီ မဟေသီဗြဟ္မာမ-ဟု မရှာရတော့ပဲ တကိုယ်တည်း အေးချမ်း စွာဖြင့် မေတ္တာ ကရုဏာ မုဒိတာ ပွားများ၍ ခမ်းနားသော ဘုံဗိမာန်တွင် ယောဂီ ကိုယ်တော်ကြီး အသွင် အင်မတန် သိက္ခာဖြင့် တည်ငြိမ်စွာ နေထိုင် ကြရပေသည်။ မဂ်ဖိုလ်ပေါက်သူ ဖြစ်လျှင်ကား ပင်ကိုယ်က ရုပ် နာမ် အားလုံးကို အမုန်းကြီး မုန်း၍ အငြီးငွေ့ကြီး ငြီးငွေ့ခဲ့သည့် အားလျော်စွာ နိဗ္ဗာန်ရောက် သောအခါ ဘုံဗိမာန် ဟူသော ရုပ်တရားကို မဆိုထားဘိ၊ ကိုယ့်ရုပ် ကိုယ့်နာမ်ပါ

**ပဋိသန္ဓေစိတ် ဖြစ်ပုံ** စုတိစိတ် ဖြစ်ပြီးနောက် ဘဝသစ်၌ ပဋိသန္ဓေစိတ် ဖြစ်၏။ စုတိစိတ်နှင့် ပဋိသန္ဓေစိတ်တို့သည် ချက်ချင်း ဆက်၏။ စုတိစိတ်နှင့် ပဋိသန္ဓေစိတ်တို့ အလယ်မှာ အချိန်ကာလ အကြား ကလေးမျှ မခြားတော့ချေ။ ဘဝအသစ် ရောက်ဖို့ရာ ထိုမျှလောက်ပင် မြန်လှ၏။ လူ့ပြည်မှ စုတေ၍ နတ်ပြည် ရောက်သူ ဖြစ်ဖြစ်၊ ငရဲ ရောက်သူ ဖြစ်ဖြစ် စုတေ ပြီးသည်နှင့် တပြိုင်နက် ပဋိသန္ဓေစိတ် ဆက်ကာ ဆိုင်ရာ ဘဝသစ်၌ ခန္ဓာအသစ် ထူထောင်မိလေသည်။

**မိစ္ဆာအယူ ၂-မျိုး** တဘဝမှ တဘဝသို့ ပြောင်းရွှေ့ရာ၌ သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိ ၂-မျိုးလုံးမှ လွတ်ကင်း၍ သမ္မာဒိဋ္ဌိ အယူ ဖြစ်အောင် သတိထားရမည်။ ထိုဒိဋ္ဌိ ၂-မျိုးတွင် "ဘဝဟောင်း ရုပ် နာမ် ခန္ဓာအိမ်၌ အသက်ကောင်ကလေး ရှိ၏။ ထိုအသက်ကောင်ကလေး သည်ပင် ခန္ဓာအိမ် အသစ်လဲကာ ဘဝသစ်၌ ပြောင်းရွှေ့၍ ဖြစ်၏" ဟူသော အယူသည် သဿတဒိဋ္ဌိတည်း။ [သဿတ=မပြတ်မစဲ အသက်ကောင်ကလေး မြဲ၏ ဟူ၍+ ဒိဋ္ဌိ=ယူမှားခြင်း။] "ဘဝဟောင်းက ရုပ် နာမ် ခန္ဓာ အားလုံးသည် (သူတို့ ထင်သော အသက်ကောင်နှင့်တကွ) ဘဝသစ်၌ လုံးဝ အဆက်အစပ် မရှိတော့။ သတ္တဝါတယောက် သေလျှင် ဘဝဟောင်းက အရာဝတ္ထုတွေ အားလုံး ပြတ်စဲ၏။ ဘဝသစ်၌ ထာဝရဘုရား၏ ဖန်ဆင်းမှုကြောင့် အခြား သတ္တဝါတယောက်သာ အသစ်ဖြစ်တန်လျှင် ဖြစ်ရသည်" ဟု ယူသော အယူသည် ဥစ္ဆေဒဒိဋ္ဌိ မည်၏။ [ဥစ္ဆေဒ=တဘဝတုံးလျှင် တဘဝ၏ ရုပ် နာမ်တွေ အားလုံး ပြတ်၏၊ နောက်ထပ် ဆက်သွယ်ခြင်း မရှိဟု+ဒိဋ္ဌိ=ယူမှားခြင်း။]

**သမ္မာ အယူ** သတ္တဝါတို့၌ အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ ဤတရား ၃-ပါးသည် ဘဝသစ်၌ ဖြစ်ဖို့ရာ အချုပ်အခြာတည်း။ သေခါနီး၌ အဝိဇ္ဇာသည် ဘဝသစ်၌ ရုပ် နာမ် ခန္ဓာတို့၏ အပြစ်ကို မမြင်အောင် ဖုံးထား၏။ တဏှာက ထိုဘဝသစ်ကို တပ်မက် ခင်မင်လျက် ရှိ၏။ မကောင်းဆိုးရွား ကြောက်မက်ဖွယ် ဂတိနိမိတ် ထင်လာစေကာမူ ထိုနိမိတ်တို့မှ လွတ်လပ်သော ဘဝကို ရလိမ့်မည်ဟု ထင်၏။ ထိုသို့ အဝိဇ္ဇာ ဖုံးထားသဖြင့် အပြစ် မမြင်နိုင်ပဲ

သလို)ခါးထိအောင် စိုက်ထားကြ၏၊ ထိုအခါ အရှေ့အရပ်မှ လာသော သံတောင်ကြီးက စားမည် ဝါးမည်ဟု ဆိုနေသလို တဒိန်းဒိန်း တဂျိန်းဂျိန်း မြည်ဟီးလျက် ကြိတ်ကာ ကြိတ်ကာ အနောက်အရပ်သို့ သွားပြီးနောက် တောင်အရပ်မှ သံတောင်ကြီးက ထိုနည်းအတိုင်းပင် ကြိတ်ကာ ကြိတ်ကာ မြောက်သို့သွားပြီးလျှင် အနောက်အရပ်ရောက်ပြီးသော သံတောင်ကြီးကလည်း အရှေ့သို့ ကြိတ်ကာ ကြိတ်ကာ ပြန်၍ လာလေသည်၊ ဤနည်းအတိုင်း အရပ်လေးမျက်နှာမှ သံတောင်တွေ ( သန်းအု ဟုတ်သလို ဖိနှိပ် ကြိတ်ချေကြသော်လည်း အကုသိုလ်ကံ မကုန်သမျှ ငုတ်စုစု ပေါ်ထွက်လျက် ဆက်ကာ ဆက်ကာ အကြိတ်ခံရရှာလေသည်။

အယောမယ ပထဗျံ ယမှိ, ကင့်မတ္တံ ပဝေသိတော၊

အယောသေလာ သံဃာတေန္တိ, သံဃာတောတိ ပဝုစ္စတေ။

ယမှိနိရယေ-ကံကြမ္မာရပ်း, ဖန်လာ ညှဉ်းက, မကွင်းနိုင်အောင်, အတင်းဆောင်လျက်, သွင်းလှောင် ပိတ်ဆီး, အကြင်သို့သော ငရဲကြီး၌၊ အယောမယပထဗျံ ဇ-ယူဇနာ, အကျုံဖြာသည့်, သံမာအဘ်ပြီး, မြေပြင်ကြီးဝယ်၊ ကင့်မတ္တံ-ဖဝါးလျှောက်တက်, ခါးလောက် နက်အောင်၊ ပဝေသိတော-ယိမ်းယိုင်ဆုတ်ခွ်, မလှုပ်ချန်ဘို့,မြှုပ်နှံသွင်းထား, ငရဲသားတို့ကို၊ အယောသေလာ-ဂျိုးတဂျိမ်ဂျိမ်း, တဟိန်းဟိန်းနှင့်, ဒိန်းဒိန်းညံဖြောင်, အလျံပြောင်ညီး, သံတောင်ကြီးတို့သည်၊ သံဃာတေန္တိ-ရှေ့နောက် နှစ်ဖက်, လုံ့စီထွက်၍, ဆက်ဆက်နှိပ်မွှေ, ကြိတ်ချေကြလေကုန်၏၊ သောနိရယော-သို့ကလိုကံ, မကုန်ပြန်လျှင်, ဖန်ဖန် နှိပ်မွှေ, ကြိတ်ချေကြရိုး, ထို ငရဲအိုးကို၊ သံဃာတောတိ-သံဃာတငရဲဟူ၍၊ ပဝုစ္စတေ-ဗျူပွတ်အလိုက်, ရှပ်ခုတ်ကိုက်အောင်, သမိုက်အပ်လေတော့သတည်း။

ရောရုဝ ငရဲ "ရောရုဝ"ဟူသော ပါဠိသည်"ပြင်းစွာ ငိုကြွေးခြင်း"ဟူသော အနက်ကို ပြ၏၊ ထို ငရဲ၌ မီးတောက်တို့သည် တဟုန်းဟုန်း ထလျက် ရှိ၏၊ ငရဲသို့ ကျရောက်လာသူတို့အား ထိုမီးတောက် မီးလျှံများက ဒွါရ ၉-ပေါက်မှ အတင်း ဝင်ရောက်လောင်ကျွမ်းသဖြင့် အလွန် အားငယ်စွာ တစာစာ အော်ကြရရှာလေတော့သည်၊ ဤသို့ မီးတောက် မီးလျှံ အလောင် ခံနေရသောကြောင့် "ဇာလရောရုဝငရဲ"ဟုလည်း ခေါ်သည်။

၄-စင်းမြောက်နေ ပေါ်လာပြန်လျှင် ဟိမဝန္တာအတွင်း၌ ရှိသော အိုင်ကြီး ၇-အိုင်လည်း ခြောက်ခန်းရတော့သည်။

ထို့နောက် ၅ စင်းမြောက်နေ ပေါ်လာပြန်လျှင် သမုဒ္ဒရာရေ ခြောက်ခန်း၏၊ ၆-စင်းမြောက် နေထွက်သောအချိန်မှာ ကမ္ဘာလောက၌ အစိုအစေး ဟူသမျှ လုံးဝ မရှိတော့၊ ၇-စင်းမြောက်နေ ပေါ်သောအခါ ဤကမ္ဘာလောကမျိုး တသိန်းမျှ မီးဟုန်းဟုန်း ထလျက် ကာလ အတော်ကြာလျှင် ကမ္ဘာမြေပြင်မှ ပဌမဈာန် ဗြဟ္မာ့ဘုံတိုင်အောင် မီးတောက်မီးလျှံ စွဲရကား ဟိမဝန္တာတောင်, မြင့်မိုရ်တောင်, စကြာဝဠာတောင်ကြီး များနှင့်တကွ ငွေ ရွှေ ရတနာ နီလာ မြသား အလွန်ကြီးမားသော ဗိမာန်များလည်း မတိမ်းသာ မရှောင်သာ လောင်စာချည်း ဖြစ်ကြရလေတော့၏၊ မီးလောင်စာ မရှိ၍ မီးတောက် မီးလျှံ ငြိမ်းလျက် ပြာအမှုန့်မျှ မကျန်တော့သည့် အခါကျမှ ကမ္ဘာပျက်ခြင်းကိစ္စ ပြီးတော့သည်။ [ရေဖျက် လေဖျက်ဘို့ အလှည့်ကြုံသည့် အခါ၌လည်း ဆားငံရေထိ၍ မြည့်မြည့်ကြေရပုံ, လေမုန်တိုင်းကျ၍ မွမွကြေရပုံ များကို သိပါလေ။]

**ပျက်နေရာ အချိန်အခါ**

ဤသို့ ကမ္ဘာလောကဓာတ်ကြီး၏ ပျက်စီးနေရာ အချိန်အခါသည် "နှစ်ပေါင်း မည်မျှကြာသည်" ဟု မခန့်မှန်းနိုင်လောက်အောင်ပင် ကြာ၏၊ ၁၀-နှစ်တမ်းမှ တဖြေးဖြေးတက်၍ အသင်္ချေတမ်းသို့ရောက်, ထိုအသင်္ချေတမ်းမှ တဖြေးဖြေးဆုတ်၍ ၁၀-နှစ်တမ်းသို့ရောက်, ဤတက်ကပ် ဆုတ်ကပ် တစုံကို အန္တရကပ် (အကြားကပ်)ဟု ခေါ်၏၊ ကမ္ဘာလောကကြီး မီးလောင်၍ ပျက်စီးနေရာ အချိန်အခါသည် ထိုအန္တရကပ်ပေါင်း ၆၄-ကပ်မျှ ကြာသတဲ့၊ ထိုကဲ့သို့ ပျက်စီးပြီးနောက် (အိမ်တဆောင်ကို မီးလောင်ပြီးနောက် အိမ်အသစ် မဆောက်ခင် ပျက်မြဲအတိုင်း တည်နေသကဲ့သို့)ကမ္ဘာအသစ် မတည်ခင် ပျက်မြဲအတိုင်း တည်နေသောအချိန်လည်း အန္တရကပ် ၆၄-ကပ်မျှပင် ကြာသတဲ့။

**သတ္တဝါတိုင်း ဗြဟ္မာ့ပြည်မှာ လောက်ကပင်**

ထိုသို့ ကမ္ဘာပျက်နေတုန်းအခါ ပျက်မြဲအတိုင်း တည်နေတုန်းအခါဝယ် သတ္တဝါတို့လည်း မီးမလောင်သော အထက်ဗြဟ္မာ့ဘုံသို့ ရောက်နေကြ၏၊ "ကမ္ဘာပျက်လိမ့်မည်" ဟု အနှစ်တသိန်း နတ်များ ကြွေးကြော် ထားသောကြောင့် ကြားကြားသမျှ

ခေတ်ပညာတတ် လူအများသည် ဗုဒ္ဓမြတ်စွာ၏ သာသနာတော်ကို အားပေးလိုကြ လိမ့်မည်လော၊ ဤအချက်များကို တွေးမြင်သော်, သာသနာဆုတ်ယုတ်ဘို့ အရေးသာလျှင် နီးသည်ထက် နီးလာသည်ကို တွေ့ရပါသည်။

၉။ နောက်လာမည့် ဘဝ၌ လူများစုက လူကောင်း သူကောင်း ဖြစ်ဘို့လည်း မလွယ်ကူတော့ချေ၊ ထင်ရှားစေအံ့-လူကောင်း သူကောင်း ခေတ်သည် မေတ္တာ, ကရုဏာ, မုဒိတာ ဤ တရား ၃-ပါး ထွန်းကားသော ခေတ်တည်း၊ ယခု မျက်မြင်မှာကား တယောက်အပေါ် တယောက်က ကောင်းကျိုး လိုလားသော မေတ္တာစစ် နည်းပါးလှလေပြီ၊ မေတ္တာ မရှိလျှင် ဆင်းရဲသူကိုမြင်၍ သနားသော ကရုဏာနှင့်, ချမ်းသာသူကို မြင်၍ ဝမ်းမြောက်သော မုဒိတာလည်း မဖြစ်နိုင်တော့ပါ၊ ယခု ဖြစ်နေသည်မှာ တယောက် ကောင်းစားသည်ကို အခြားတယောက်က မနာလိုသော, ဣဿာ, မိမိကဲ့သို့ ကြီးပွားမည်ကို စိုးသော မစ္ဆရိယ, အထက်တန်း ရောက်နေသူက စိတ်ကြီးဝင်သော အထက်တန်းမာန, အောက်ကျသူကလည်း "ဘာ အရေးစိုက်ရမှာတုန်း" ဟူသော အောက်တန်း မာန တွေ ဝေဆာလျက် ရှိလေသည်။

၁၀။ ထို့ပြင် လိုချင်ဘွယ် အာရုံ ခံစားဘွယ် ကာမဂုဏ်တွေလည်း တနေ့ တခြား တိုးပွား၍ လာရကား (မီးသည် လောင်စာရှိသလောက် လိုက်၍ လောင်သကဲ့သို့) ယခု လူတို့ သန္တာန်၌ လောဘကလည်း အာရုံများသလောက် ကြီးမား၍ လာလေသည်၊ လောဘ အလိုကို မဖြည့်နိုင်သော အခါ သတ်မှု ဖြတ်မှု တိုက်ခိုက်မှု စစ်ဖြစ်မှုတိုင်အောင် ဒေါသတွေလည်း တရှူးရှူး တရှဲရှဲနှင့် တကဲကဲဖြစ်၍ နေလေတော့၏၊ ဤသို့ အကောင်း တရားတွေ ထွန်းကားနေသော ယခုခေတ်မှာပင် လူကောင်း သူကောင်း ရှားပါးနေရကား နောက်ကာလဝယ် အဘယ်မှာ ယခုထက် ပို၍ မဆိုးဝါးဘဲ နေတော့မည်နည်း။

၁၁။ ထိုသို့ လူကောင်း သူကောင်း အလွန်နည်းပါးမည့် နောက်ကာလ၌ မိဘနှင့်ကောင်း ဆရာကောင်းလည်း ရနိုင်တော့မည် မဟုတ်ပါ၊ ထိုသို့

"သူများ မယားကို ကိုယ်၏ မိခင်လို သဘောထား၍ သူများ ဥစ္စာကို ကျောက်ခဲသလဲများလို သဘောထားပြီးလျှင်, သတ္တဝါ ဟူသမျှတို့ကို ကိုယ်နှင့်မခြားအောင် စိတ်ထားနိုင်မှ ပညာရှိ သူတော်ကောင်း"....ဟု

မိန့်ဆိုချက် ရှိလေတော့ ကျွန်ုပ်လို တရားသိ သူတော်ကောင်းတယောက်က အဘယ်မှာ သူ့အသက်ကို သတ်ရက်တော့မှာလဲ၊ သို့ဖြစ်၍ "ဤရေအိုင်မှာ ရေဆင်းချိုးပြီး စင်စင် ကြယ်ကြယ်နှင့် ကျွန်ုပ် လက်ကောက်ကို အလှူခံပါ"ဟု ပြောလေသော်,.... ထိုစကားကို ယုံကြည်မိသော ခရီးသွားသည် ရေချိုးရန် ဆင်းလျှင် ဆင်းခြင်း ညွန်၌ကျွံ နစ်လေ၏၊ ထိုအခါ သူတော်စင် ကျားကြီးက "ဟား ဟား ညွန်ထဲ နစ်နေသကိုး, ကျွန်ုပ် ဆယ်ပါ့မယ်"ဟု ပြောပြောဆိုဆို နှင့် အနားသို့ကပ်ကာ သတ်စားလေသည်။

ဤပုံဝတ္ထုကိုထောက်၍ အသိသည် အသိမျှသာ ဖြစ်ကြောင်း, သိသလောက် ကိုယ်ကျင့်တရားမရှိလျှင် ကျကျနန ယုတ္တိယုတ္တာနှင့် စဉ်းလဲတတ်သဖြင့် မသိ၍ ဆိုးပါးနေသူတို့ထက်ပင် ကြောက်ဘွယ် ကောင်းကြောင်းကို နားလည်ကာ ဤကျမ်းစာရှုသူတို့မှာ သိရုံနှင့် မပြီးကြဘဲ သိသည့်အတိုင်း ကိုယ်ကျင့်ကောင်း သူများချည်း ဖြစ်ကြပါစေကြောင်း ဆုမွန်တောင်းလျက် ထပ်လောင်း၍ သတိပေးရပါသတည်း၊

## နိဂုံးလင်္ကာ

ကျမ်းပြီး မှတ်ထုံး, ကမှတ်ဖုံး၍, နိဂုံး အရာ, အကျဉ်းမှာပိမ့်၊ ခုခါမျက်မြင်, လူရောရှင်တို့, ပြည်ခွင်နိဗ္ဗာန်, ဝင်ဘို့ရန်ဟု, မိဋ္ဌာန်မနော, စိတ်ကြံစောလည်း, သဘောရင်းနှစ်, အတွင်း စစ်က, သစ်သစ် လွှင်လွှင်, မဖြူစင်သော်, ခေမင် ရွှေပြည်, ဝေးဦးမည်ကြောင့်, ငါသည်ရင်း, ငါ့အပေါင်းနှင့်, ငါ့နှောင်း ငယ်သား အစဟား၍, တရားယူလို, များလူ ဗိုလ်တို့, နဂိုရ်မြင့်မြင့်, အလိုတင့်

### မဟာဂန္ဓာရုံဆရာတော်

# အရှင်ဇနကာဘိဝံသ၏

## ကျမ်းစာများကို ရိုက်နှိပ်ခြင်း

ကျေးဇူးကို သိတတ်၍ သိသည့်အတိုင်း တတ်နိုင်သမျှ ကျေးဇူးဂုဏ်ကို ပူဇော်ရန် ပေးဆပ်ရန်သည် လွယ်ကူသောအလုပ်မဟုတ်၊ ဗုဒ္ဓပွင့်တော်မူခြင်း, ဒုလ္လဘလောက် ခဲယဉ်းသည်ဟု အင်္ဂုတ္တိုရ်ပါဠိတော်တွင် ဟောဖော်ညွှန်ပြထားတော်မူခဲ့ပါသည်၊ ဆရာတော်ကြီး၏ နှလုံးသားဖြင့် ပြုစုတော်မူခဲ့သော ကျမ်းစာအသီးသီးကို ဆက်လက် ထုတ်ဝေ ဖြန့်ချီခြင်း အားဖြင့် ဆရာတော်ကြီး၏ ကျေးဇူးကို ဆပ်ကြပါစို့၊ ဓမ္မဒါနကုသိုလ်ကို ပြုကြပါစို့။

ကျမ်းစာများကို ထုတ်ဝေနိုင်အောင် စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် အားပေးကူညီကြသော ဓမ္မဒါနကုသိုလ်ရှင် အပေါင်းတို့အား ကျေးဇူးတင်စွာဖြင့် မှတ်တမ်းတင်ပါသည်။

ဂျာမဏီပြည် ဖရင့်ဖတ်မြို့၊ ဂျာမန်အမျိုးသမီး မဥမ္မာ။
အင်္ဂလန်ပြည် အောက်စဖို့မြို့၊ ဦးမြတ်စော-ဒေါ်စန်းရီ။
အမေရိကန်ပြည် ဝါရှင်တန်မြို့၊ ဒေါက်တာ သိမ်းတိုးသိမ်း။
ပဲခူးမြို့၊ မှုံရွှေရီ ဆေးလိပ်ရုံပိုင်ရှင်၊ ဦးကျော်အေး-ဒေါ်စောရီ။
ပဲခူးမြို့၊ မင်းကျောင်းဘုန်းကြီး ဦးသူရိယ။
မြင်းခြံမြို့၊ ဆေးရိုးစက်ပိုင်ရှင် ဦးရီ-ဒေါ်အေးသန်း မိသားစု။
မော်လမြိုင်ကျွန်းမြို့၊ ဂဠုံမင်း ဆေးလိပ်ရုံ၊ ဦးတင်မောင် - ဒေါ်မြင့် မိသားစု။
ကျောက်တန်းမြို့၊ ဆရာ-ဦးစောမောင်။
တောင်ကြီးမြို့၊ ရွှေကျားပျံ မရွှေဝါဆေးလိပ်ခုံပိုင်ရှင် ဦးသိန်းတင့်-ဒေါ်ခင်သိန်း မိသားစု။

မန္တလေးမြို့၊ ဆိုင်းတန်းရပ်၊ ကန်တော်ကလေး၊ ထိ ရုံတိုက်ခွဲ၊
ဦးဘမောင်နှင့် မိသားစု။
မန္တလေးမြို့၊ အမှတ်-၅၊ ဝါးတန်းရပ်၊ ဒေါ်ညွန့်ညွန့်၊ ဒေါ်သန်းသန်း
ညီအမတစု။
ရန်ကုန်မြို့၊ ယောက်လမ်း၊ ဒေါ်ရင်မြ-ဒေါ်အေးတင်။
။ ကျားသူဌေးကတော်-ဒေါ်ဒေါ်စော။
။ ဗုဒ္ဓဓမ္မစာစောင်ပိုင်ရှင် ဒေါ်ရင်မေ။
။ ဗိုလ်ကလေးဈေးလမ်း၊ ဦးရင်ဝှက်-ဒေါ်ခင်ဆိုင်။
။ မဟာသုခလမ်း၊ မွေ့ဆောသက ဦးမောင်မောင်-ဒေါ်သန်း။
။ အောက်ပုဇွန်တောင်လမ်း၊ ဦးသန်း-ဒေါ်ရင်မေ။
။ ၁၄၂၊ ၃၁-လမ်း၊ ဦးစောလွင်-ဒေါ်သန်းမြင့်။
။ ဝင်ဒါမီယာလမ်း၊ ဗိုလ်မှူး စောဝင်းသိမ်း-ဒေါ်လှဲ့လှဲ့မိုး။
။ ၉၅-ပြည်လမ်း၊ ဗိုလ်မှူး ဇင်ဝေသိမ်း - ဒေါ်ခင်ခင်ဝင်း။
။ ပ-ရ-သ-ၒ ဦးဆောင် ညွှန် ကြား ရေး မှူး ဦးလှဝင်း-
ဒေါ်တင်တင်လှ။
။ အလုံရပ်၊ ဆဒ္ဒန်လမ်း၊ ဦးချစ် ဒေါ်အုံးကြည်။
။ ၁၀-ပြည်လမ်း၊ ဦးထိန်ဝင်း-ဒေါ်မြင့်မြင့်။
။ ၉၄-ချင်းချောင်းရိပ်သာ၊ ဦးမင်းဟန် - ဒေါ်ခင်ညွန့်ဟန်
မိသားစု။
။ လမ်းမတော် လှည်းတန်း၊ ဦးကျင်ရှင်-ဒေါ်ပို။
။ ၃၅-လမ်း၊ ဦးအုန်းခင်-ဒေါ်စိန်စိန်။
။ ကမ္ဘာအေးလမ်း၊ ဦးကြည်တွဲ-ဒေါ်အေးအေး။
။ ဗိုလ်ချုပ်လမ်း၊ ဦးကျင်ညွန့်-ဒေါ်ကျင်ဟုန်။
။ ၃၁-လမ်း၊ ဦးသိမ်းလွင်-ဒေါ်ခင်သီ။
။ ပြည်လမ်း၊ ၈-မိုင်ခွဲ၊ ဦးမျိုးဆက်-ဒေါ်မြရီ။
။ ပါရမီရိပ်သာ၊ ဦးခင်မောင်ကြီး-ဒေါ်တင်တင်အေး။
။ ဗိုလ်တထောင်ဘုရားလမ်း၊ ဦးလှမောင်-
ဒေါက်တာ ဒေါ်ခင်ရီ။

မန္တလေးမြို့၊ ရွှေတောင်ကြားရိပ်သာ၊ ဦးခိုင်-ဒေါ်ခင်သန့်။
။ ရန်ကုန်တိုင်း တရားသူကြီး ဦးလှခင်မောင်-ဒေါ်ညိုညို။
ရန်ကုန်မြို့၊ ဗဟိုသမဝါယမရုံး၊ အကြံပေးအရာရှိ ဦးအောင်ငြိမ်း-ဒေါ်ဖွားရင် မိသားစု။
။ ကမာရွတ် မင်္ဂလာလမ်း၊ ဒေါ်သောင်းသောင်း မိသားစု။
။ ကျောက်မြောင်း ကျိုက္ကစံလမ်း၊ ပန်းချီဆရာ ဦးလွန်းကြွယ်-ဒေါ်သန်းရှိန်။
။ ဗိုလ်ချုပ်ချစ်လှိုင်(ရေတပ်မတော်)၊ ဒေါ်ခင်ငြိမ်းငြိမ်း။
။ (၇) မိုင် ပြည်လမ်း၊ ဦးဘသိန်း - ဒေါ်တင်တင်ကြည် မိသားစု။
။ ကမ္ဘာ့ဇရိပ်သာ၊ ဦးချစ်လှိုင်-ဒေါ်ခင်ညွန့်။
။ ဝင်ဆာရိပ်သာ၊ ပန်းပုဆရာကြီး ဦးဟန်တင်-ဒေါ်ဖွားရှင် မိသားစု။
။ ဒါရိုက်တာ စာရေးဆရာ ဦးသုခ-ဒေါ်ကျင်မေမိသားစု။
။ ၁၀၇-စိန်ဂျွန်းလမ်း၊ ဦးထိန်ဝင်း မောင်နှမတစု။
။ တက္ကသိုလ်ရိပ်သာလမ်း၊ ဦးအောင်သိမ်း-ဒေါ်ညွန့်မေ။

ကျမ်းစာအုပ်များ အစမှ အဆုံးထိ ပြီးမြောက်အောင် စီစဉ်ထုတ်ဝေရေး အတွက် တက္ကသိုလ်ရိပ်သာလမ်း၊ အငြိမ်းစား ဒု-ဗိုလ်မှူးကြီး အောင်သိမ်း (ရွှေတိဂုံ ဝေါပကလူကြီးဟောင်း)- ဒေါ်ညွန့်မေ မိသားစုနှင့် စိန်ဂျွန်းလမ်း ဦးထိန်ဝင်းနှင့် မောင်နှမတစုတို့က အရပ်ရပ်တာဝန်များကို ထမ်းဆောင်ကြပါသည်၊ ကြိုးစားသလောက် အောင်မြင်မှုများသည် ဆရာတော်ကြီး၏ သီလ သမာဓိ ပညာ ဂုဏ်အရှိန်အဝါ ဘုန်းတန်ခိုးကြောင့်၎င်း၊ သာသနာရေး ဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၏ ကူညီဆောင်ရွက်မှုကြောင့်၎င်း ဖြစ်သည် ကို မှတ်တမ်းတင်ပါသည်။ ဤဆောင်ရွက်မှုများသည် ပုဂ္ဂိုလ်တစု ချမ်းသာရေး၊ တဦးတယောက် အကျိုးဖြစ်ထွန်းရေးကို မရည်ရွယ်ပါ၊ ဆရာတော်ကြီး ၏ စေတနာဆန္ဒတော်အတိုင်း ဗုဒ္ဓမြတ်စွာ၏ အဆုံးအမများ ပြန့်ပွါးရေး သာသနာတော်နှင့် တွေ့ရကျိုး နပ်စေရေးကိုသာ ရည်ရွယ်ပါသည်။

**စိတ်ပင်ပန်း** ကိုယ်ပင်ပန်း ကြိုးပမ်းဆောင်ရွက်ရသော ဝေယျာဝစ္စ ကုသိုလ် ဓမ္မဒါနကုသိုလ်ဖြင့် သာသနာတော်နှင့် ကျေးဇူးတော်ရှင် ဆရာတော် ကြီးအား ပူဇော်ပါ၏၊ ဤကုသိုလ်အဘို့ကိုလည်း အားလုံးသော သတ္တဝါ အပေါင်းအား အမျှပေးဝေပါ၏၊ အကျိုးကျေးဇူးများကြပါစေ။ နှစ်သက် ရွှင်လန်းကြပါစေ။

'တစု' 'တယောက်' ချမ်းသာရောက်ဘို့
ခုလောက်ကြိုးကုတ် အားမထုတ်ဘူး၊
ကျုပ်တို့ဆရာ ထေရ်မဟာ၏
ဘာသာကျမ်းများ စဉ်ပြန့်ပွါး၍
မြွတ်ဖျားသာသနာ ခန့်ရှည်ကြာလျက်
မြန်မာကောင်းကျိုး အစဉ်တိုးအောင်
အားကြိုးမာန်တက် တို့ဆောင်ရွက်သည်
နှစ်သက်ရွှင်လန်းနိုင်ပါစေ။

## နောက်ဆုံးအချိန်အထိ အလုပ်လုပ်ခဲ့ခြင်း

ဆရာတော်ကြီးသည် ဆယ်ဝါမြောက်မှစ၍ ပျံလွန်တော်မမူမီ ၅-ရက် အထိ ကျမ်းစာများကို ပြုစုသွားတော်မူခဲ့ရာ သက်တော်ထင်ရှား ရှိစဉ်တွင် ကျမ်းစာပေါင်း ၅၀-ကျော်ကို ပုံနှိပ်ဖြန့်ဝေပြီး ရှိခဲ့ပါသည်၊ ပုံနှိပ်ခြင်း မပြုရ သေးသော ကျမ်းကြီး ကျမ်းငယ် လက်ရေးစာမူ အများအပြားလည်း ကျန် ရှိနေပါသေးသည်၊ ပရိယတ္တိသာသနာတော်ကို စောင့်ရှောက် တည်တန့် စေတော်မူမည့် သောတုဇန ပုဂ္ဂိုလ်များ အလွယ်တကူ သိနားလည်စေလို သော ဆန္ဒတော်ဖြင့် ပြုစုခဲ့သော ယင်း ဘာသာဋီကာ ကျမ်းစာများကို အဆက်မပြတ် ရိုက်ထုတ်ဖြန့်ချီနေပါပြီ၊ တောင်မြို့ဆရာတော်ဘုရား၏ နှလုံး သားဖြင့် သာသနာတော်နှင့် တိုင်းပြည်ကို ကျေးဇူးပြုခဲ့သော ဤလုပ်ငန်း ကြီးကို အစအဆုံး ပြီးမြောက်အောင် ကြိုးပမ်းခြင်းဖြင့် ဆရာတော်နှင့် သာသနာတော်အား စွမ်းနိုင်သမျှ ပူဇော်ကျေးဇူးဆပ်ကြမည် ဖြစ်ကြောင်း **အဓိဋ္ဌာန်ပြုကြပါသည်။**

## (ဂ) အဘိဓမ္မာဆိုင်ရာကျမ်းစာများ

၂၆။ အခြေပြုသင်္ဂြိုဟ်
၂၇။ သင်္ဂြိုဟ်ဘာသာဋီကာ
၂၈။ ဝီထိနှင့် သုံးချက်စုဘာသာဋီကာ
၂၉။ ဋီကာကျော် နိဿယ
၃၀-၃၃။ အဋ္ဌသာလိနီ ဘာသာဋီကာ (ပ-ဒု-တ-စ)
၃၄-၃၆။ သမ္မောဟဝိနောဒနီ ဘာသာဋီကာ (ပ-ဒု-တ)
၃၇-၄၂။ ပဋ္ဌာနပကရဏ ဘာသာဋီကာ (ပ-ဒု-တ-စ)
နှင့် မူလဋီကာနိဿယ (ပဉ်-ဆ)

## (ဃ) သုတ္တန်ဆိုင်ရာကျမ်းများ

၄၃-၄၆။ သီလက္ခန်ဘာသာဋီကာ (ပ-ဒု-တ-စ)
၄၇-၄၉။ (သုတ်) မဟာဝါ ဘာသာဋီကာ (ပ-ဒု-တ)
၅၀။ အဋ္ဌကထာအခြေပြု

## (င) ပကိဏ္ဏကကျမ်းစာများ

၅၁။ ရတနာ့ဂုဏ်ရည်
၅၂။ ကိုယ်ကျင့်အဘိဓမ္မာ
၅၃။ အနာဂတ်သာသနာ
၅၄။ ဘာသာသွေး
၅၅။ ဘာသာရေးပြဿနာများနှင့် စစ်တပ်တရားတော်
၅၆။ ဗြဟ္မဇာလသုတ် မြန်မာပြန်
၅၇။ သာမညဖလသုတ် မြန်မာပြန်
၅၈။ ဗုဒ္ဓါနုဿတိဘာဝနာ
၅၉။ သာသနာရေးလျှောက်ထားချက်
၆၀။ အဘိဓဇ မဟာရဋ္ဌဂုရု ပခုက္ကူဆရာတော်မိန့်ခွန်း
၆၁။ ပဋ္ဌမပြန်စာမေးပွဲ ပြုပြင်ရေး အစီရင်ခံစာ

၁။ ရတနာ့ဂုဏ်ရည် .... ၁၃-ကျပ်။
၂။ ဗုဒ္ဓဘာသာသင်ခန်းစာ .... ၁၅-ကျပ်။
၃။ ရုပ်ပုံရှင်ကျင့်ဝတ် .... ၈-ကျပ်။
၄။ ပါတိမောက်ဘာသာဋီကာ .... ၁၈-ကျပ်။
၅။ ဗုဒ္ဓါနုဿတိဘာဝနာနှင့် ဗြဟ္မဇာလသုတ် သာမညဖလသုတ်၊ ပေါင်းရိုက် .... ၁၅-ကျပ်။
၆။ ဓမ္မစကြာတရားတော်နှင့် အနတ္တလက္ခဏသုတ်တရားတော်။
၇။ အဋ္ဌကထာအခြေပြု။
၈။ အနာဂတ်သာသနာရေး။
၉။ ဘာသာသွေးနှင့် ဘာသာရေး ပြဿနာများ။
၁၀။ ရှုပသိဒ္ဓိဘာသာဋီကာ။
၁၁။ အခြေပြုပဋ္ဌာန်း။
၁၂။ ကိုယ်ကျင့်အဘိဓမ္မာ။



ဈေးမှန်ဖြင့် ရနိုင်သောဌာနများ

၁။ သာသနာရေးဦးစီးဌာန၊ စာအုပ်ရောင်းဌာန၊ ကမ္ဘာအေး။
၂။ ဦးထိန်ဝင်း (၁၀၇) စိန်ဂျွန်းလမ်း–ရန်ကုန်မြို့။
၃။ ။ (၁၃၈) အနော်ရထာဘက်တန်း–ဗိုလ်ချုပ်ဈေး။
၄။ ဒေါ်တင်တင်အေး ( ၁၄ ) ရွှေတိဂုံဘုရားကြီး-တောင်ဘက်ဈေးရုံတော်။
၅။ ဦးအောင်ခန့်၊ လှိုင်-ပုံနှိပ်တိုက်၊ ၈၂-လမ်း၊ မန္တလေးမြို့။